# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၅။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၈၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၉၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယမြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပေးပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၂ ရက်၊

(၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၂ ရက်၊

(၃) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၄ ရက်၊

(၄) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်၊

(၅) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၁ ရက်၊

(၆) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၄ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၈) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၉) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၄ ရက်၊

(၁၀) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၄ ရက်၊

(၁၁) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်၊

(၁၂) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၄ ရက်နှင့်

(၁၃) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၄ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပြည်ပမှ မှာယူတင်သွင်းသည့် ကတ္တရာများကို မည်သည့်ကုမ္ပဏီက ဝယ်ယူ၍ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ/မရှိ မည်သို့ စိစစ်ဆောင်ရွက်သည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစွာ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ပဏာမဆုတောင်းမေတ္တာပို့အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ လမ်းများခိုင်ခံ့ရန်၊ မော်တော်ယာဉ်များ လမ်းချော်တိမ်းမှောက်ခြင်းမှ ကာကွယ်ရန်နှင့် ယာဉ်များ သွားလာရာတွင် လွယ်ကူချောမွေ့ရန်၊ ခရီးသွားပြည်သူများ ယာဉ်များအပေါ်တွင် လိုက်ပါစီးနင်းရာတွင် သက်တောင့်သက်သာဖြစ်စေရန်အတွက် S of BQM ခေါ်တဲ့ ကတ္တရာကို နှစ်ပေါင်းများစွာကပင် အသုံးပြုခဲ့ပါတယ်။ အဲ့ဒီအသုံးပြုလျက်ရှိတဲ့ကတ္တရာကို ပြည်တွင်းရေနံချက်စက်ရုံများမှ ထုတ်လုပ်သုံးစွဲခြင်း သို့တည်းမဟုတ် ပြည်ပမှ မှာယူတင်သွင်းခြင်း ရှိ/မရှိကို သိရှိလိုပါတယ်။ ကတ္တရာကို ရောင်းချရာမှာ အဆင့်မီ International Brand ထုတ်လုပ်ရောင်းချတဲ့ကုမ္ပဏီများလည်းရှိကြောင်း သိရှိရပါတယ်။ နိုင်ငံတကာရောင်းဝယ်ရေးမှာ ပစ္စည်းဝယ်ယူရာမှာ နိုင်ငံတကာကျင့်သုံးတဲ့ စံချိန်စံနှုန်း (Specification) ကို Third Party ခေါ်တဲ့ စံချိန်စံညွှန်းစိစစ်တဲ့ကုမ္ပဏီများက စစ်ဆေးပြီးတော့ အရည်အသွေးမမှားအောင် ဝယ်ယူကြခြင်းကို ကမ္ဘာ့နိုင်ငံအများဟာ ကျင့်သုံးကြပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံမှာဆိုရင် SGS ၊ OMIC Third Party Inspection ကုမ္ပဏီများရှိကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါကိစ္စနှင့်ပတ်သက်လို့ ပြည်ပမှတင်သွင်းတဲ့ ကတ္တရာများရှိတယ်ဆိုလို့ရှိရင် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ (၁) ပြည်ပမှ ကတ္တရာကို မည်သည့်ကုမ္ပဏီများထံမှ ဝယ်ယူပါသနည်း။ (၂) ဝယ်ယူသော ကတ္တရာအရည်အသွေးကို Third

Party Inspection ကုမ္ပဏီနှင့် စံချိန်စံညွှန်းစစ်ဆေးပါသလား။ (၃) အရည်အသွေးကို မူရင်းဆိပ်ကမ်း Loading Port တွင်စစ်ပါသလား။ သို့မဟုတ် ရန်ကုန်ဆိပ်ကမ်းရောက်မှ စစ်ပါသလား။ (၄) စံချိန်စံညွှန်းမကိုက်သောကိစ္စများ ရှိဖူးပါသလား။ မကိုက်ညီသောကိစ္စများပေါ်တွင် မည်သို့ဆောင်ရွက်ပါသနည်း။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး နှစ်သစ်ဦးမှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ဝင်း မေးမြန်းထားတဲ့ လမ်းလုပ်ငန်းများတွင် အသုံးပြုတဲ့ကတ္တရာများနှင့်ပတ်သက်တဲ့ မေးခွန်းလေးခုအား ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ဖြေကြားချက်များမှာ ဘာသာရပ်ဆိုင်ရာအသုံးအနှုန်းများအား အင်္ဂလိပ်ဘာသာပါဝင်ထားပါ၍ ခွင့်ပြုပါရန် ကြိုတင်မေတ္တာရပ်ခံအပ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ပြည်ပမှ ကတ္တရာကို မည်သည့်ကုမ္ပဏီများထံမှ ဝယ်ယူပါသနည်းဆိုသော မေးခွန်းနဲ့ပတ်သက်ပြီး တင်ပြရရင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လမ်းတည်ဆောက်ခြင်းလုပ်ငန်းများမှာ အသုံးပြုရန်အတွက် ကတ္တရာများကို ပြည်ပမှ မှာယူတင်သွင်းရာမှာ မြန်မာနိုင်ငံရဲ့ ရာသီဥတုနဲ့ကိုက်ညီတဲ့ Penetration Grade 80/100 အမျိုးအစား ကတ္တရာကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများထံမှ နှစ်စဉ်တင်ဒါခေါ်ယူပြီး ဝယ်ယူလျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်မှာ တင်ဒါအောင်မြင်သူ Gracious Trader Private Limited ထံမှ ကတ္တရာမက်ထရစ်တန် ၃၀၀၀၀ ဝယ်ယူရန် စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိပြီးတော့ ကတ္တရာကတော့ အီရန်နိုင်ငံမှ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းဖြစ်တဲ့ ဝယ်ယူတဲ့ကတ္တရာအရည်အသွေးကို Third Party Inspection ကုမ္ပဏီနဲ့ စံချိန်စံညွှန်းစိစစ်ပါသလား မေးခွန်းအား ရှင်းလင်းတင်ပြရရင် ကတ္တရာရဲ့ အရည်အသွေးစမ်းသပ်ရာမှာ ဓာတ်ခွဲစမ်းသပ်နိုင်ဖို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်

မှာရှိတဲ့ လမ်းသုတေသနဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရတာဖြစ်ပါတယ်။ လမ်းသုတေသန ဓာတ်ခွဲခန်းမှလည်း စစ်ဆေးရာမှာ American Society of Testing and Materials (ASTM) Method ဖြင့် ကတ္တရာနမူနာယူပြီး စမ်းသပ်မှုရှစ်မျိုးနဲ့ ကတ္တရာရဲ့အရည်အသွေးအား စမ်းသပ်ပါတယ်။ အဲ့ဒီစမ်းသပ်မှုရှစ်မျိုးကတော့ (၁) ကတ္တရာရဲ့စေးပျစ်မှုကို တိုင်းတာခြင်း (Penetration at 25˚C)၊ (၂) ကတ္တရာများအားပျော့ပျောင်းစေရန် လိုအပ်သောအပူချိန်ကို တိုင်းတာခြင်း (Softening Point)၊ (၃) ကတ္တရာတွင်ပါဝင်သည့် စေးကပ်သောအရာများပါဝင်မှုကို တိုင်းတာခြင်း (Solubility in Trichloroethylene)၊ (၄) ကတ္တရာရဲ့ ရေချိန် သီးသန့်သိပ်သည်းဆကို စမ်းသပ်ရာဖွေခြင်း (Specific Gravity at 25˚C)၊ (၅) ကတ္တရာရဲ့ဆွဲဆန့်မှုပမာဏကို တိုင်းတာခြင်း (Ductility at 25 ˚C)၊ (၆) ကတ္တရာအား အပူပေးလျှင် လျှပ်လက်ဖြစ်ပေါ်မှု အပူချိန်အား စမ်းသပ်ရှာဖွေခြင်း (Flash Point)၊ (၇) ကတ္တရာကို အပူပေးခြင်းဖြင့် လျော့ကျသွားသောအလေးချိန်အား တိုင်းတာခြင်း (Loss on Heating by Weight)၊ (၈) ကတ္တရာအား အပူပေးခြင်းဖြင့် မည်မျှမာသွားသည်ကို တိုင်းတာခြင်း (Penetration After Loss on Heating) တို့ဖြစ်ပါတယ်။ ကတ္တရာအရည်အသွေးစစ်ဆေးရာမှာ Myanmar Inspection and Testing Service (MITS) နဲ့ Society General De Surveillance (SGS) ကဲ့သို့ Third Party Inspection ကုမ္ပဏီတို့အားခေါ်ယူ၍ ဌာနနဲ့ ပူးတွဲဆောင်ရွက်ပါတယ်။

ဆက်လက်ပြီး တတိယမေးခွန်းဖြစ်တဲ့ အရည်အသွေးကို မူရင်းဆိပ်ကမ်း Loading Port တွင် စစ်ဆေးပါသလား သို့မဟုတ် ရန်ကုန်ဆိပ်ကမ်းရောက်မှ စစ်ပါသလားကို ရှင်းလင်းတင်ပြရရင် ကတ္တရာရဲ့အရည်အသွေးကို မူရင်းတင်ပို့တဲ့ဆိပ်ကမ်း Loading Port တွင် စစ်ဆေးခြင်းမရှိဘဲ ရန်ကုန်ဆိပ်ကမ်းရောက်မှသာ စစ်ဆေးပါတယ်။ သို့သော်လည်း တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုမီ ကုမ္ပဏီများမှ ၎င်းတို့တင်သွင်းတဲ့ကတ္တရာ နမူနာများကို ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ လမ်းသုတေသနဓာတ်ခွဲခန်းမှာ စစ်ဆေးမှုခံယူရပါတယ်။ လမ်းသုတေသနဓာတ်ခွဲခန်းမှ စစ်ဆေးပြီး ကတ္တရာအရည်အသွေးပြည့်မီတဲ့ ကုမ္ပဏီများကိုသာ အိတ်ဖွင့်တင်ဒါ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုပါတယ်။ တင်ဒါအောင်မြင်ပြီး ကတ္တရာပေးသွင်းစဉ်တွင်လည်း ရန်ကုန်ဆိပ်ကမ်းမှာ ပစ္စည်းများအသုတ်လိုက် (Batch by Batch) ထပ်မံစစ်ဆေးပြီး အရည်အသွေးပြည့်မီမှုရှိမှသာ လက်ခံခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ စတုတ္ထမေးခွန်းဖြစ်တဲ့ စံချိန်စံညွှန်းမကိုက်ညီသောကိစ္စရပ်များ ရှိဖူးပါသလား။ မကိုက်ညီသောကိစ္စများတွင် မည်သို့ဆောင်ရွက်ပါသနည်းကို တင်ပြရရင်

ရန်ကုန်ဆိပ်ကမ်းမှာ ကတ္တရာများကို စစ်ဆေးစဥ်အတွင်း အရည်အသွေးစံချိန်စံညွှန်း မကိုက်ညီတဲ့ကိစ္စရပ်များဖြစ်ပေါ်လာပါက ကတ္တရာတင်သွင်းတဲ့ကုမ္ပဏီအား ခုနစ်ရက်အတွင်း ကတ္တရာများကို မိမိစရိတ်ဖြင့်ပြန်လည်လဲလှယ်စေပါတယ်။ သတ်မှတ်ထားတဲ့ခုနှစ်ရက်အတွင်း အချိန်မီလဲလှယ်ခြင်းမရှိပါက စာချုပ်ပါ စည်းမျဥ်းစည်းကမ်းများနှင့်အညီ ၎င်းတင်သွင်းထားတဲ့ လုပ်ငန်းဆောင်ရွက်မှုအာမခံ (Performance Bank Guarantee) ကို သိမ်းဆည်းခြင်း၊ ကုမ္ပဏီအား အမည်ပျက်စာရင်း (Black List) သွင်းခြင်းတို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်အဆင့်မြှင့်တင်ရာတွင် ကမ္ဘာ့အကောင်းဆုံး၊ အဆင့်မြင့်ဆုံးတက္ကသိုလ်များက မည်သို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှာပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးရဲ့ (၁၂) ရက်မြောက်နေ့မှာ ကော့မှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်အား ပြုပြင်မွမ်းမံပြီး သင်ထောက်ကူပစ္စည်းများနှင့် ဘာသာရပ်ဆိုင်ရာပညာရပ်များ၌ အဆင့်မီတက္ကသိုလ်တစ်ခု ဖြစ်မြောက်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လွှတ်တော်ရေးရာကော်မတီ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်တဲ့ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့ပါတယ်။ ဒီလိုဖွဲ့စည်းဆောင်ရွက်ရန် အခုတောင်မှ ပံ့ပိုးမယ်ဆိုပြီးတော့ ကတိကဝတ်ခံထားပြီးသား အဖွဲ့အစည်းများ၊ တိုင်းပြည်များ၊ ပုဂ္ဂိုလ်များရှိတယ်လို့လည်း ရှင်းလင်းတင်ပြသွားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူတဲ့အတွက် အဆိုကအောင်မြင်သွားပြီးဖြစ်ပါတယ်။ ကော်မတီတွေလည်း ဖွဲ့စည်းဆောင်ရွက်နေတယ်လို့ သိရပါတယ်။ အခုဆိုရင်တော့ အဆိုအောင်မြင်ပြီး ကော်မတီတွေဖွဲ့စည်းဆောင်ရွက်နေတာ နှစ်နှစ်ရှိသွား

ပါပြီ။ ဒီတိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို ပြည်ထောင်စုအစိုးရအဖွဲ့က လာရောက်ရှင်းလင်းတာမရှိသေးပါဘူး။

သို့ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ (၁) ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကို အဆင့်မြှင့်တင်ဖို့ ဘာတွေဆောင်ရွက်နေပါသလဲ။ ဒီကမ္ဘာမှာ ရှိတဲ့ အကောင်းဆုံး၊ အဆင့်အမြင့်ဆုံးတက္ကသိုလ်တွေကလည်း ဝိုင်းဝန်းကူညီဖို့ရှိတယ်လို့ တင်ပြသွားတဲ့အတွက် ဘာတွေဝိုင်းဝန်းကူညီနေကြပြီလဲ။ (၂) ဘယ်သူတွေက ဘယ်လောက်ဝိုင်းပြီး ကူညီနေပြီလဲ။ (၃) နိုင်ငံတော်ပိုင်ပစ္စည်းကို ပြုပြင်ရမှာဖြစ်တဲ့အတွက် အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှာဖြစ်တဲ့အတွက် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနဲ့အညီ ဆောင်ရွက်နိုင်ရန် မည်သို့ဆောင်ရွက်နေသည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်းမှ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေရဲ့မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်ကုန်တက္ကသိုလ် ပညာရေးဆိုင်ရာကိစ္စရပ်ဖြစ်သည့်အတွက် ပြည့်ပြည့်စုံစုံဖြေကြားနိုင်ရေး အချိန်အနည်းငယ်ပိုမိုခွင့်ပြုပေးနိုင်ပါရန် ရှေးဦးစွာတင်ပြအပ်ပါတယ်။ ပထမဆုံးအနေနဲ့ ရန်ကုန်တက္ကသိုလ်ရဲ့သမိုင်းကြောင်းအကျဉ်းကိုတင်ပြလိုပါတယ်။ ရန်ကုန်တက္ကသိုလ်သမိုင်းကြောင်းကိုပြောပြရမယ်ဆိုလျှင် ဗြိတိသျှကိုလိုနီအစိုးရလက်အောက် ၁၈၇၈ ခုနှစ်မှာ ရန်ကုန်ကောလိပ်အဖြစ် ကာလ်ကတ္တားတက္ကသိုလ်နှင့် ဆက်သွယ်ပေါင်းစည်းထားသော ကောလိပ်တစ်ခုအဖြစ် စတင်ခဲ့ပါတယ်။ ၁၈၉၄ ခုနှစ်မှာ ဂျပ်ဆင်ကောလိပ်ကို ကာလ်ကတ္တားတက္ကသိုလ်ရဲ့ ပေါင်းစည်းထားသည့် ကောလိပ်တစ်ခုအဖြစ် ထပ်မံဖွဲ့စည်းခဲ့ပါတယ်။ ၁၉၁၄ ခုနှစ်မှာ ရန်ကုန်ကောလိပ်ကို တက္ကသိုလ်ကောလိပ်အဖြစ် အမည်ပြောင်းလဲခဲ့ပြီး ၁၉၂၀ ပြည့်နှစ်မှာ ရန်ကုန်တက္ကသိုလ် ပညာရေး

ဥပဒေအရ ရန်ကုန်တက္ကသိုလ်အဖြစ် အထက်ပါကောလိပ်နှစ်ခုနဲ့ ဖွဲ့စည်းခဲ့တာပဲဖြစ်ပါတယ်။ ယခုဆိုရင် သက်တမ်းအားဖြင့် နှစ်ပေါင်း ၉၅ နှစ်တိုင်ရပ်တည်နိုင်ခဲ့ပြီဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ဝါအရင့်ဆုံးတက္ကသိုလ်တစ်ခုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံတော်အစိုးသစ် စတင်တာဝန်ယူခဲ့တဲ့ ၂၀၁၁ ခုနှစ်မှစတင်ပြီး ရန်ကုန်တက္ကသိုလ်ရဲ့ ပညာအရည်အသွေးမြင့်မားရေးနှင့် ရုပ်ပတ်ဝန်းကျင်ကောင်းများပြည့်စုံနိုင်ရေးအတွက် နှစ်စဉ်တစ်စိုက်မတ်မတ်ဆောင်ရွက်ခဲ့သည်များကို ဆက်လက်တင်ပြပါ့မယ်။ ရန်ကုန်တက္ကသိုလ်ကို အဆင့်မြင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာမှာ အခြေခံအဆောက်အအုံပြုပြင်မွမ်းမံ အဆင့်မြင့်တင်တည်ဆောက်မှုများ၊ ပညာရပ်ဆိုင်ရာ အရည်အသွေးမြင့်တင်ရေးကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် သုတေသနလုပ်ငန်းဆိုင်ရာကိစ္စရပ်များဆိုပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံအဆောက်အဦနှင့်ပတ်သက်လို့ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အသစ်ထပ်မံတည်ဆောက်ခြင်းဆိုတဲ့ လုပ်ငန်း နှစ်ရပ်နှင့် ဆောင်ရွက်လျက်ရှိပါတယ်။ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအဖြစ် နှစ်ပေါင်းများစွာကြာမြင့်ပြီးဖြစ်တဲ့ အဆောက်အအုံများနှင့် ကျောင်းသားကျောင်းသူအဆောင်များကို ရှေးမူမပျက် အဆင့်မြင့်တင်ထိန်းသိမ်းခြင်း၊ စာသင်ခန်းများကို သင်ကြားရေးအထောက်အကူပြုပစ္စည်းအဖြစ် Internet နှင့် Wifi များပြည့်စုံစေခြင်း၊ စာသင်ခန်းများတွင် Projector, Television, Laptop နှင့် Computer, Whiteboard စတဲ့ ခေတ်မီသင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာတပ်ဆင်ပေးခြင်း၊ လက်တွေ့ခန်းသုံးပစ္စည်းများ လုံလောက်စွာဖြည့်ဆည်းပေးခြင်း၊ သန့်စင်ခန်းများ၊ ခြံစည်းရိုးများ၊ လမ်းများ၊ ရေမြောင်းများနှင့် ကားရပ်နားရန်နေရာများကို သန့်ရှင်းသပ်ရပ်စွာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

အသစ်တည်ဆောက်ခြင်းလုပ်ငန်းများမှာ အဆင့်မြင့်နှစ်ထပ်စားသောက်ဆိုင်၊ နိုင်ငံတကာအဆင့်မီ ကျောင်းသား ၄၀၀ ဦးဆံ့အဆောက်အဦ နှစ်လုံး၊ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနအဆောက်အဦနှင့် ရေနေသက်ရှိသုတေသနအဆောက်အဦ နှစ်လုံး၊ သိပ္ပံနှင့်ဝိဇ္ဇာခေတ်မီအဆောက်အဦများကို ဆောက်လုပ်ရန် လျာထားပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ပညာရပ်ဆိုင်ရာ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ခဲ့မှုများကို တင်ပြမှာဖြစ်ပါတယ်။ သင်ကြားရေးနည်းစနစ်များပြောင်းလဲသင်ကြားခြင်း၊ အချိန်ကိုအကျိုးရှိစွာအသုံးပြုနိုင်ရန် e-Learning ကို ထိရောက်စွာအသုံးပြုစေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ နောက်ပြီးတော့ သင်ရိုးညွှန်းတမ်းနှင့်သင်ရိုးမာတိကာ

များ နိုင်ငံတကာအဆင့်မီဖြစ်စေရေးအတွက် နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခြင်း၊ ဘာသာရပ်ဌာနများအလိုက် အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစတင်၍ ရန်ကုန်တက္ကသိုလ်တွင် Online Library ကိုစတင်အသုံးပြုနေပြီး ဆရာဆရာမများ၊ သုတေသီပညာရှင်များ၊ ကျောင်းသူကျောင်းသားများအတွက် အလိုရှိသော သုတေသနဂျာနယ်များ၊ စာအုပ်များကို လွယ်ကူစွာ အခမဲ့ ရရှိနေပြီဖြစ်ပါတယ်။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များဖြင့် နိုင်ငံတကာတက္ကသိုလ်နှင့် အဖွဲ့အစည်းပေါင်း ၂၁ ခုဖြင့် MOU ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ ယင်းအဖွဲ့အစည်းများမှာ ဂျာမနီနိုင်ငံမှ Cologne University, Passau University နှင့် ထိုင်းနိုင်ငံမှ Thepsatri Rajabhat University၊ ကိုရီးယားနိုင်ငံမှ Hankok University of Foreign Studies, Korea Foundation For Advanced Studies, Chonam National University, Korea Research Institute of Bioscience and Biotechnology, Hanyang University, Chung-Ang University နှင့် Jeju National University, ဂျပန်နိုင်ငံမှ Nagoya University, Tokyo University Foreign Studies, Akita University နှင့် Kansai University of International Studies, ဩစတြေးလျနိုင်ငံမှ Australia National University, စင်ကာပူနိုင်ငံမှ National University of Singapore, Singapore Management University နှင့် United Overseas Bank, တရုတ်နိုင်ငံမှ Yunnan Normal University, Beijing University of Foreign Studies, အင်္ဂလန်နိုင်ငံမှ Oxford University, အမေရိကန်နိုင်ငံမှ Bridges Across Borders Southeast Asia Community Legal Education တို့ဖြစ်ပါတယ်။ ဆက်လက်ပြီး တက္ကသိုလ်နှင့် အဖွဲ့အစည်း ၁၆ ခုနှင့် ဆက်လက်ရေးထိုးရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းသို့ရေးထိုးဆောင်ရွက်ရာမှာ Student exchange, Staff exchange, Faculty exchange နှင့် Collaboration research တို့ကို အရှိန်အဟုန်မြှင့်နိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ပါတယ်။ ယင်း၏အကျိုးရလဒ်များဖြင့် သုတေသနများ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ ပညာတော်သင်များ စေလွှတ်နိုင်ခြင်း၊ နိုင်ငံတကာပညာရှင်များ လာရောက်၍ သင်ကြားပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ ပညာရေးဆိုင်ရာညီလာခံများ လက်ခံကျင်းပနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

သုတေသနဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်း၊ ဘာသာရပ်ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဘာသာရပ်ဌာနအလိုက်ဆောင်ရွက်ခြင်းတို့ကို

ပြုလုပ်လျက်ရှိပါတယ်။ နိုင်ငံ့အကျိုးပြု၊ ဒေသအကျိုးပြု ဘာသာရပ်ဆိုင်ရာအကျိုးဖြစ်ထွန်းရေးကို ရည်ရွယ်ပြီးဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အတွက် လက်ရှိကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများဖြစ်သည့် ဖွံ့ဖြိုးမှုဆိုင်ရာပြဿနာများ၊ ဥပဒေဆိုင်ရာကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့နေရသည့်ကိစ္စရပ်များ၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာကိစ္စရပ်များ၊ လူမျိုးရေးဆိုင်ရာတင်းမာမှုများနှင့် ဆင်းရဲမွဲတေမှုဆိုင်ရာကိစ္စရပ်များအတွက် သုတေသနလုပ်ငန်းများကိုစတင်ဆောင်ရွက်ခဲ့ပြီဖြစ်ပါတယ်။

အထက်ဖော်ပြပါ ကြိုးပမ်းဆောင်ရွက်ချက်များသည် ကမ္ဘာ့အဆင့်မီတက္ကသိုလ်တစ်ခုအဖြစ် အဓိကလိုအပ်ချက်တွေဖြစ်တဲ့ အောက်ဖော်ပြပါအချက်များကို ပြည့်မီနိုင်ရေးကြိုးပမ်းချက်များဖြစ်ပါတယ်။ အဓိကလိုအပ်ချက်တွေကတော့ မိမိ၏ သုတေသနများကို နိုင်ငံတကာမှ အသိအမှတ်ပြုရန်၊ မိမိရဲ့သင်ကြားရေးစနစ်များကို နိုင်ငံတကာမှ အသိအမှတ်ပြုရန်၊ သက်ဆိုင်ရာဘာသာရပ်နယ်ပယ်များတွင် သုတေသနဆိုင်ရာ ထင်ပေါ်သူများနှင့် ကမ္ဘာသိခေါင်းဆောင်များမွေးထုတ်ပေးသည့် တက္ကသိုလ်တစ်ခုဖြစ်ရန်၊ ကမ္ဘာ့အဆင့်မီတက္ကသိုလ်များ၏ အသိအမှတ်ပြုခြင်းကိုသာမက အဆင့်မြင့်ပညာရေးလောက၏ ပြင်ပမှ အသိအမှတ်ပြုမှုကို ရရှိရန်တို့ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော် အတိုချုပ်ပဲတင်ပြသွားမှာဖြစ်ပါတယ်။ ယခုဒီတင်ပြချက်များဟာ ရန်ကုန်တက္ကသိုလ်ရဲ့ ပညာအရည်အသွေးပိုင်းဆိုင်ရာ တိုးတက်မြင့်မားရေးအတွက်နဲ့ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းဆောင်ရွက်ချက်များဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် Student exchange, Staff exchange နှင့် Faculty exchange နှင့် Collaboration research တို့ကို ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ တင်ပြမှာဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်တွင် Open Society Foundations အထောက်အပံ့ဖြင့် တက္ကသိုလ်များမှ စာကြည့်တိုက်ဝန်ထမ်းများနှင့် ဆရာဆရာများအတွက် Online Library သင်တန်းများ၊ Social Science Research Methodology ဆွေးနွေးပို့ချမှုသင်တန်း၊ ဥပဒေပညာနှင့် နိုင်ငံတကာဆက်ဆံရေးပညာရပ် ဆရာဆရာမများအတွက် နှစ်ပတ်ကြာ ဘာသာရပ်ဆိုင်ရာသင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့ပါတယ်။

တရုတ်နိုင်ငံ ယူနန်တက္ကသိုလ်၏ Youth Exchange အစီအစဉ်ဖြင့် ရန်ကုန်တက္ကသိုလ်မှ ထူးချွန်ကျောင်းသားကျောင်းသူ ၁၂ ဦးနှင့် ကြီးကြပ်ဆရာမတစ်ဦးတို့သည် ၂-၄-၂၀၁၄ မှ ၉-၄-၂၀၁၄

မူကြမ်း

အထိ တရုတ်နိုင်ငံ တက္ကသိုလ်အချို့နှင့် ကုမ္ပဏီအချို့တို့ကို ရှစ်ရက်ကြာ လေ့လာရေးခရီးစဉ်နှင့် ထူးချွန်ကျောင်းသား ၁၀ ဦးနှင့် ကြီးကြပ်ဆရာမ တစ်ဦးတို့သည် ၇-၁-၂၀၁၅ မှ ၁၄-၁-၂၀၁၅ အထိ ရှစ်ရက်ကြာ လေ့လာရေးခရီးစဉ် သွားရောက်ခဲ့ပါတယ်။ ဘွဲ့လွန်ကျောင်းသားရှစ်ဦးနှင့် ကြီးကြပ်ဆရာနှစ်ဦး ပါဝင်သောအဖွဲ့ဟာ ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်သို့ သွားရောက်ခဲ့ပါတယ်။ AUN-Seed Net အစီအစဉ်ဖြင့် ပေးအပ်သော ASEAN Scholar ကိုးဆုအနက် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသူကျောင်းသားများသည် နှစ်ဆုရရှိခဲ့ပါတယ်။ ယင်းဆုများမှာ ဘာသာရပ်အသီးသီးမှာ ဖြစ်ပါတယ်။

လွန်ခဲ့သော သုံးနှစ်ခန့်မှစ၍ နိုင်ငံခြားတက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများသည်လည်း ရန်ကုန်တက္ကသိုလ်သို့လာရောက်ပြီး ပညာသင်ကြားခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းများလည်းရှိပါတယ်။ တရုတ်နိုင်ငံမှ ၄၃ ဦး၊ ဂျပန်နိုင်ငံမှ လေးဦး၊ ကိုရီးယားနိုင်ငံမှ ရှစ်ဦးတို့သည် ရန်ကုန်တက္ကသိုလ်တွင် ဘွဲ့လွန်ဘွဲ့ကြိုနှင့် ပါရဂူသင်တန်းများတွင် တက်ရောက်လျက်ရှိပါတယ်။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပြီး တက္ကသိုလ်အနေဖြင့်လည်း အသုံးချမှုနှင့် လူမှုအကျိုးပြု သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ဒုတိယပါမောက္ခချုပ်တစ်ဦးဦးဆောင်ပြီး နိုင်ငံတကာချိတ်ဆက်ဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်နေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အထက်တင်ပြပါ ရန်ကုန်တက္ကသိုလ်၏ ပညာအရည်အသွေးမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာမှ နည်းပညာနှင့် ပစ္စည်းများကူညီပံ့ပိုးခြင်းသာရှိခဲ့ပြီး အခြေခံအဆောက်အအုံ ရုပ်ပတ်ဝန်းကျင်ကောင်းများ ဖြည့်ဆည်းနိုင်ရေးလုပ်ငန်းများကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးသည့် ဘဏ္ဍာရန်ပုံငွေ စုစုပေါင်းကျပ် ၂၀.၁၄၃၄၁၆ ဘီလီယံဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ရန်ကုန်တက္ကသိုလ်ပညာရည်အဆင့်အတန်းတိုးမြှင့်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် ထင်ရှားသော နိုင်ငံတကာတက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရခြင်းမှ ပြည်သူများနစ်နာမှုမရှိစေရန် တာဝန်ရှိသူတို့၏ ညွှန်ကြားချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးရာတွင် ဆောင်ရွက်မပေးသည့် အချို့သော အာဏာပိုင်များအား မည်သို့အရေးယူဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ သက်ဆိုင်ရာအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပေါ် အရေးယူဆောင်ရွက်ချက်များတင်ပြတဲ့အခါ မြေပြင်ရှိပကတိအခြေအနေနှင့် ကွဲလွဲစွာတင်ပြ ထားတာတွေ့ရှိရပါတယ်။ လေ့လာတွေ့ရှိချက်အချို့မှာ မြေသိမ်းဆည်းခံရသော တောင်သူ လယ်သမားများ၏တင်ပြချက်များ ထွက်ဆိုချက်များကို လျစ်လျူရှုပြီး သူဌေးများ၊ ကုမ္ပဏီပိုင်ရှင်များ မြေသိမ်းဆည်း သူများ၏တင်ပြချက်များကိုမူတည်၍ တစ်ဖက်သတ်သုံးသပ်ထားခြင်း၊ ပြန်လည် စွန့်လွှတ်အပ်နှံမည်မဟုတ်ကြောင်း၊ အခြားစီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရန် အစီအစဉ်ရှိကြောင်း တင်ပြလာခြင်းဟု သဘောထားပေးခြင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက် နှင့်အညီ ဆောင်ရွက်ခြင်းမပြုဘဲ လျှောက်ထားသူများကို တရားဥပဒေကြောင်းအရ ဖြေရှင်းရန် လမ်းလွှဲခြင်း၊ သိမ်းဆည်းခံရသူပိုင်ရှင်များမှာ ပြန်လည်တရားစွဲဆိုခံနေရခြင်း၊ ပြည်ထောင်စု လွှတ်တော်က အဆိုအတည်ပြုပြီး နောက်ပိုင်း လန ၃၉ ကို ဆက်လက်မထုတ်ပေးရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ လန ၃၉ အား ပယ်ဖျက်အမိန့်ထုတ်ပြန်၍ စွန့်လွှတ်မြေများအား သက်ဆိုင်သူများသို့ ပြန်လည်ပေးအပ်ရန် လမ်းညွှန်မှုတို့ကို မျက်ကွယ်ပြုခြင်း၊ အဆောက်အဦရှိသော မြေများကို လုပ်ငန်းရှင်များက ပြန်လည်မစွန့်လွှတ်ကြောင်းဟု သဘောထားပေးခြင်း၊ ဒေသ၏ကာလ ပေါက်ဈေး၊ လျော်ကြေး၊ နစ်နာကြေးပေးရန် ညှိနှိုင်းမှုမရှိခြင်း၊ အဆောက်အဦမရှိသောမြေများ၊ တပ်နှင့် တစ်ဆက်တစ်စပ်တည်းမရှိသော မြေများ၊ ပိုမိုသိမ်းဆည်းထားသောမြေများအား မူလရည်ရွက်ချက် နှင့်အညီ အသုံးမပြုသောမြေများ၊ စီမံကိန်းပြုလုပ်ခြင်းမရှိသောမြေများကို ပြန်လည်စွန့်လွှတ်ပေးရ မည့်အစား အကြောင်းအရင်းခိုင်မာ၍ မစွန့်လွှတ်ခြင်းအခြေအနေဆိုပြီးသုံးသပ်ခြင်း၊ ပင်လယ်ပြင် စိုးမိုးရေး၊ လုံခြုံရေးတပ်စခန်းဖွင့်လှစ်ထားသည့်မြေဟု လွဲမှားစွာဖော်ပြထားခြင်း၊ ယခင်က အဆောက်

အဦမရှိသော မြေများပေါ်တွင် ယခုမှ အဆောက်အဦများ အတင်းတွန်းဆောက်ခြင်း၊ ခြံကာခြင်းတို့ကို ပြုလုပ်လာသဖြင့် သိမ်းဆည်းခံရသူများက တိုင်ကြားသော်လည်း အာဏာပိုင်များက တားမြစ်ပေးမှု မရှိခြင်း၊ အရေးယူဆောင်ရွက်ပေးမှုမရှိခြင်း၊ သိမ်းဆည်းခံရသောမြေများတွင် ရေငန်ပုစွန်ကန်များ မွေးမြူထားသည်ဟု မမှန်မကန်ဖော်ပြခြင်း၊ မူလသိမ်းဆည်းခြင်းခံရသူများသို့ ပြန်လည်ပေးအပ်ခြင်း မပြုဘဲ သီးစားခရယူထားပြီး အငှားချထားသူများ လက်ဝယ်သို့ပေးအပ်ခြင်း၊ သက်ဆိုင်ရာအာဏာပိုင် များက နိုင်ငံတော်ကို စာရင်းဇယားမမှန်မကန် အစီရင်ခံခြင်း၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရခြင်းမှ ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ စစ်ဆေးပြီးသား အမှုတွဲများကို မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီသို့ လွှဲပြောင်းမပေးခြင်း စသည်တို့ကို တွေ့ရှိရပါတယ်။ ဒါတွေဟာ ပြည်ထောင်စုလွှတ်တော်ရဲ့ တိုက်တွန်းချက်၊ အကြံပြုချက်၊ ဆွေးနွေး ချက်များ၊ မြေသိမ်းသူများနှင့်စပ်လျဉ်းပြီး ဖြေရှင်းဆောင်ရွက်ရန်အတွက် နိုင်ငံတော်သမ္မတ၏ မြေမူဝါဒများ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ၏ လမ်းညွှန်ချက်တို့နဲ့ ကွဲလွဲနေပါတယ်။ နိုင်ငံတော်ရဲ့ နိုင်ငံရေးဦးတည်ချက်တစ်ခုဖြစ်တဲ့ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို လွှန်စွာထိခိုက်စေပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၂၈ ပုဒ်မခွဲ(က)တွင် ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုလွှတ်တော်က အခါအား လျော်စွာချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရမည်ဟုလည်း ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာအာဏာပိုင်များအား မည်ကဲ့သို့ အရေးယူ ဆောင်ရွက်မည်ကို သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ရဲ့မေးခွန်းအပေါ် ကျွန်တော်က ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၀၈

ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၈ ပုဒ်မခွဲ(က)မှာ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရဟာ ပြည်ထောင်စုလွှတ်တော်က အခါအားလျော်စွာချမှတ်တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ မိမိ၏အရေးယူဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်အစီရင်ခံရမည်ဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာဆုံးရှုံးမှုမရှိစေရေး အတွက်ကို စုံစမ်းရေးကော်မရှင်ရဲ့ အစီရင်ခံစာ အပိုင်းအသီးသီးပါ မြေပြဿနာများကို လျင်မြန်စွာ ဖြေရှင်းနိုင်ဖို့အတွက်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၅၉/၂၀၁၃)နဲ့ ဒုတိယသမ္မတ ဥက္ကဋ္ဌအဖြစ်ဦးဆောင်သော မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီကို ကျွန်တော်တို့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးလည်း စက်တင်ဘာလ ၁၉ ရက်နေ့မှာ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်၊ ခရိုင်/မြို့နယ်နဲ့ ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်ကိုလည်း ဖွဲ့စည်းပြီးတော့ မြေပြဿနာများနဲ့ပတ်သက်ပြီးတော့ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှာဆိုရင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနဲ့ တရားဝင်ဖွဲ့စည်းထားတဲ့ လယ်ယာကုန်ထုတ်သမဝါယမအသင်းများမှ ကိုယ်စားလှယ်များကိုလည်း အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းထားရှိပါတယ်။ အလားတူ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီမှာလည်း ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တဲ့ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့ကိုလည်း အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းထားရှိတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတကလည်း ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့တဲ့ သဝဏ်လွှာမှာ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ကြီးကြပ်မှုအောက်မှာ မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိတဲ့ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအသီးသီးတွင် သက်ဆိုင်ရာမြို့နယ်အလိုက် ရွေးချယ်တင်မြှောက်ခံထားရတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက် ခြင်းဖြင့် အများပြည်သူကို မနစ်နာစေရန် ပွင့်လင်းမြင်သာစွာရှင်းလင်းဆောင်ရွက်နေမှုအား အထောက်အကူပြုစေမည့်အပြင် ပကတိအခြေအနေမှန်ကိုလည်း လွှတ်တော်များက အချိန်နှင့်တစ်ပြေးညီသိရှိနိုင်မည်ဖြစ်ပါ၍ စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် ဖော်ပြပါရှိတဲ့အတွက် ဒေသအသီးသီးမှာလည်း မြေကိစ္စ

များဆောင်ရွက်ရာမှာ ပြည်သူများရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်တာကိုလည်း တွေ့ရှိရပါတယ်။

မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီကို စတင်ဖွဲ့စည်းချိန်မှစပြီးတော့ ယနေ့အချိန်အထိ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ရှစ်ကြိမ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ ဥက္ကဋ္ဌဖြစ်တဲ့ ဒုတိယသမ္မတကိုယ်တိုင် တိုင်းဒေသကြီး/ပြည်နယ်လေးခုကိုလည်း ကွင်းဆင်းပြီးတော့ မြေယာများကို ပြည်သူ့လက်ဝယ် လွှဲပြောင်းပေးအပ်ပြီးဖြစ်သလို မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီဝင်များအနေဖြင့်လည်း တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေများကို ၂၂ ကြိမ် ကွင်းဆင်းပြီးတော့ မြေကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရာတွင် ဆောလျင်စွာ ပြီးပြတ်နိုင်ရေးအတွက်ကို လုပ်ထုံးလုပ်နည်းများနဲ့ အညီ ဆောင်ရွက်နိုင်ရေး မြေပြင်တွင်တွေ့ကြုံနေရတဲ့ အတားအဆီးအခက်အခဲများကို ပေါင်းစပ်ဖြေရှင်းပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ မြေကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရာတွင် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ချမှတ်ထားတဲ့ မူဝါဒ(၅)ရပ်နဲ့ စွန့်လွှတ်မြေများကို သက်ဆိုင်သူများသို့ ပြန်လည်ပေးအပ်ရာမှာ လိုက်နာဆောင်ရွက်ရန် ချမှတ်ထားတဲ့ လုပ်ငန်းစဉ်(၄)ရပ်တို့ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်တို့ကလည်း လိုက်နာဆောင်ရွက်သည်တို့ကိုလည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာဆုံးရှုံးမှုမရှိစေရေး စုံစမ်းရေးကော်မရှင်မှ လွှဲပြောင်းပေးပို့လာတဲ့ အစီရင်ခံစာအပိုင်းအသီးသီးရဲ့ မြေကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာမှာ ရှင်းလင်းလွယ်ကူစေရန်အတွက် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ အစီရင်ခံစာအပိုင်း(၁)ပါ ၅၆၅ မှု၊ အပိုင်း(၂)ပါ ၆၃ မှု၊ အပိုင်း(၃)ပါ ၁၁၇ မှု၊ အပိုင်း(၄)ပါ ၁၂၁ မှု၊ အပိုင်း(၅)ပါ ၃၃၈၇ မှု၊ အပိုင်း(၆)ပါ ၂၃၃၃ မှု၊ အပိုင်း(၇)ပါ ၁၀၂၉ မှု၊ အပိုင်း(၈)ပါ ၂၆၁၀ မှု စုစုပေါင်း ၁၀၂၂၅ မှုကိုလည်း စိစစ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ စုံစမ်းရေးကော်မရှင်ကပေးပို့လာတဲ့ အစီရင်ခံစာ အပိုင်း(၁)၊ (၂)၊ (၃) ပါ မြေကိစ္စ ၇၄၅ မှုနဲ့စပ်လျဉ်း၍ စိစစ်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သဝဏ်လွှာငါးကြိမ် ပေးပို့ထားပြီးလည်းဖြစ်ပါတယ်။ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ ၃၀-၁၁-၂၀၁၄ ရက်နေ့အထိ စိစစ်ချက်များအရ စုံစမ်းရေးကော်မရှင်ကပေးပို့တဲ့အစီရင်ခံစာ အပိုင်း (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) ပါ စိစစ်ပြီးစွန့်လွှတ်မြေ ၃၃၃ မှုမှ

မူကြမ်း

ပြန်လည်စွန့်လွှတ်မြေ ၉၈၁၁၂.၈၁၂ ဧကတွင် အစီရင်ခံစာအပိုင်းများတွင် ပါဝင်ခြင်းမရှိသော်လည်း မြေရယူထားတဲ့ အသုံးချထားတဲ့ ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းများမှ မူလမြေရယူစဉ် အသုံးချစဉ်က စီမံကိန်းပါ ရည်မှန်းချက်များပါအတိုင်း အသုံးမပြုတဲ့မြေများကိုတော့ သီးခြားစွန့်လွှတ်မြေများအဖြစ် သတ်မှတ်ပြီးတော့ သက်ဆိုင်သူများကို ပြန်လည်လွှဲပြောင်းပေးအပ်ရန် စိစစ်ခဲ့ရာ စွန့်လွှတ်မြေ ၈၃၄ မှု၊ မြေဧက ၂၀၄၀၈၈.၉၅ ဧကဖြစ်ပြီးတော့ စုစုပေါင်းစွန့်လွှတ်မြေ ၁၁၆၅ မှု၊ မြေဧက ၃၀၂၂၀၁.၇၆၂ ဧကတို့ဖြစ်ပါတယ်။ အဆိုပါစွန့်လွှတ်မြေများအနက် ၁၄၁၁၅၄.၆၀၂ ဧကအား တောင်သူပေါင်း ၂၃၂၁၃ ဦးထံသို့ ယာယီပုံစံ၊ ပုံစံ(၇)တို့ဖြင့် လွှဲပြောင်းပေးအပ်ထားပြီး ဖြစ်ကြောင်းကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများမှာလည်း ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ လွှဲပြောင်းပေးအပ်ရန် ကျန်မြေများကိုလည်း သက်ဆိုင်သူများ လက်ဝယ်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးဆောင်တဲ့ကော်မတီဝင်များနဲ့ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများရဲ့ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟို ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၅) ကိုလည်း ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါအစည်းအဝေး ဆုံးဖြတ်ချက်များအရ အဆင့်ဆင့်သော မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီများအနေဖြင့် အပတ်စဉ် ၊ လစဉ် တွေ့ဆုံညှိနှိုင်းပြီး ဖြေရှင်းဆောင်ရွက်မှုများကို ထိထိရောက်ရောက်ဆောင်ရွက်ရန်၊ ပြည်သူများ ယုံကြည်အားကိုးမှုရှိလာစေရေး စီမံဆောင်ရွက်ရန် မြို့နယ်အလိုက်ကွင်းဆင်းပြီးတော့ မြေကိစ္စများ ဖြေရှင်းဆောင်ရွက်ပေးရန် ပြည်သူများကို မြေယာဥပဒေများ ရှင်းလင်းအသိပေးရန် ဖြေရှင်းဆောင်ရွက်ပြီး မြေကိစ္စများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းအသိပေးရန်၊ စိစစ်ဖြေရှင်းရန် ကျန်ရှိသောမြေကိစ္စများနဲ့ စုံစမ်းရေးကော်မရှင်မှ ထပ်မံပေးပို့လာတဲ့ မြေကိစ္စများကို လျင်မြန်သွက်လက် ထိရောက်စွာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရေး အတွက်ကို အချိန်ဇယားရေးဆွဲပြီးဆောင်ရွက်ရန်နှင့် သက်ဆိုင်သူများကို စွန့်လွှတ်မြေများ အမြန်ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးတို့ကို လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်သွားရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

**မူကြမ်း**

ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်မှ ပေးပို့လာတဲ့ အစီရင်ခံစာအပိုင်းအသီးသီးပါ မြေကိစ္စများကို စိစစ်ဖြေရှင်းဆောင်ရွက်ရာမှာ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ချမှတ်ထားတဲ့ မူဝါဒ၊ လုပ်ငန်းစဉ်၊ ညွှန်ကြားချက်များနဲ့အညီ သက်ဆိုင်ရာ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်တို့မှ လိုက်နာအကောင်အထည်ဖော် ကြီးကြပ်ဆောင်ရွက်လျက်ရှိရာမှာ အဆိုပါကော်မတီအဆင့်ဆင့်အနေဖြင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိခြင်း၊ ခိုင်လုံသော အထောက်အထားများနှင့်တကွ တင်ပြတိုင်ကြားလာခြင်းများရှိလာလို့ရှိရင် လိုအပ်တဲ့စိစစ်ဆောင်ရွက်မှုများပြုလုပ်ပြီး နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားပါဝင်ပတ်သက်သူများရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၄၄ (ဃ)အရ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ခုနကပြောတဲ့ လုပ်ထုံးလုပ်နည်းတွေ၊ ညွှန်ကြားချက်တွေ မှန်ပါတယ်။ ရှိပါတယ်။ ဒါကျွန်တော်တို့ သတင်းစာမှာလည်း တရားဝင်ကြေညာထားပါတယ်။ ကျွန်တော်တို့ ဒီမြေသိမ်းခံရတဲ့ လယ်သမားတွေ အကုန်လုံးသိပါတယ်။ အဲဒီမှာ နိုင်ငံတော်သမ္မတက မြေယာမူဝါဒတွေ၊ လွှတ်တော်ကိုယ်စားလှယ် ပါရမယ်ဆိုတာတွေစသည်ဖြင့် ခုနက ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာနက ပြောသွားသလို။ သို့သော် အောက်ခြေမှာက အဲ့ဒီ ရပ်/ကျေးမြေစီမံခန့်ခွဲပြီးတော့ ကိစ္စဖွဲ့တဲ့အခါကိုက အဲဒီရပ်မိရပ်ဖတွေ မပါရဘူး။ ထွေ/အုပ်ကနေပြီးတော့ သူတို့သင့်တော်တဲ့ သူတို့နဲ့အဆင်ပြေမယ့် လူတွေကိုပဲခန့်တယ်။ ဒါတစ်ခု။ နောက်တစ်ခုက ကျွန်တော်တို့ကိုယ်စားလှယ်တွေဆင်းတဲ့အခါမှာ အဲ့ဒီဟာတွေကို စစ်ပြီးသားတွေရှိတယ်။ အဲဒီစစ်ပြီးသားအမှုတွဲတွေကို ပြန်မပေးဘူး။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ ထိုင်စစ်ထားတာ။ ဒီဟာတွေပြန်မပေးဘူး။ သူတို့ကလည်း ကိုယ်စားလှယ်တွေ လွှတ်တော်တက်တော့မှ သူတို့ခုနကလူတွေနဲ့စစ်တယ်။ စစ်ပြီးတဲ့အခါကျတော့လည်း မြေသိမ်းဆည်းခံရတဲ့ တောင်သူလယ်သမားတွေရဲ့ ထွက်ဆိုချက်တွေကို ခုနက ကျွန်တော်တင်ပြသလိုပဲ လျစ်လျူရှုထားတယ်။ ဆိုတဲ့အခါကျတော့ ခုနက အပိုင်း(၅)အထိ အစီရင်ခံစာတင်မှာ ဟုတ်ပါတယ်။ အဲဒီဟာ အခု ကျွန်တော်တို့မေးတော့ အပိုင်း(၅)အထိအစီရင်ခံစာတင်တယ်ဆိုတာ (၁)၊ (၂)၊ (၃)၊ (၄) တင်တဲ့

အထိ ကျွန်တော်တို့မသိခဲ့ရဘူး။ အဲဒီတော့ အပိုင်း(၅)အထိတင်တာတွေကို ကျွန်တော် တောင်းတယ်။ တောင်းတဲ့အခါကျတော့ ကျွန်တော်ဒီမှာရတယ်။ ရတော့ ကျွန်တော် တစ်ခုချင်းပြန်ကြည့်တော့ မြေပြင်မှာ လက်ရှိဖြစ်ပျက်နေတဲ့အခြေအနေနဲ့ လုံးဝကွဲလွဲနေတာ။ ကျွန်တော်ခုနက ပြောတဲ့အချက်တွေပါပဲ။ ဒါကြောင့်မို့လို့ ခုနက ဒီလိုပျက်ကွက်တဲ့သူတွေကို အရေးယူတယ်ဆိုရင် ဘယ်အမှုတွေ တိုင်ထားတာရှိပါတယ်။ ကျွန်တော့်ဆီမှာလည်း မိတ္တူရှိပါတယ်။ နိုင်ငံတော်သမ္မတထိလည်း တိုင်တယ်။ ဒုတိယသမ္မတထိလည်း တိုင်တယ်။ ကာကွယ်ရေးဦးစီးချုပ်ထိလည်း တိုင်တယ်။ တိုင်ထားတာတွေရှိပါတယ်။ ကာကွယ်ရေးဝန်ကြီးထိလည်း တိုင်တယ်။ အဲဒီတော့ ဘယ်နှစ်ဦးထိ ဘယ်အမှုတွေအရေးယူပြီးပြီလဲ။ တိုင်ထားတာကို ပျက်ကွက်တဲ့သူတွေ အရေးယူပါတယ်ဆိုရင် အဲဒါလေး ကျွန်တော်သိချင်ပါတယ် ခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ ဒီ ဒုတိယသမ္မတဦးဆောင်တဲ့ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ အဆင့်ဆင့်သောကော်မတီများကို ဖွဲ့စည်းတဲ့အခါမှာ ကျွန်တော် ခုနကတင်ပြခဲ့တဲ့အတိုင်း ရပ်ကွက်ကျေးရွာအုပ်စုဒီမြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းခဲ့ပါတယ်။ မြို့နယ်အဆင့်မှာတော့ ပြည်သူ့ဝန်ထမ်းများနဲ့ သက်ဆိုင်သူများပါဝင်ခဲ့ပြီးတော့ ရပ်ကွက်ကျေးရွာအုပ်စုအဆင့်မှာတော့ သက်ဆိုင်ရာရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများသည် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရဲ့ ဥက္ကဋ္ဌများအဖြစ်ဆောင်ရွက်ပြီးတော့ ခုနကတင်ပြခဲ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌတွေ၊ တရားဝင်ဖွဲ့စည်းထားတဲ့ ကုန်ထုတ်သမဝါယမအသင်းက ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ အကယ်၍များ လွှတ်တော်ကိုယ်စားလှယ်ကြီး ခုနက ထပ်မံဆွေးနွေးတင်ပြတဲ့ ဒီကိုယ်စားလှယ်များမဟုတ်ဘူး။ မိမိတို့အလိုရှိတဲ့သူကိုပဲ ဖွဲ့စည်းထားတယ်ဆိုရင်တော့ တိတိကျကျလေးနဲ့ အမည်စာရင်းပေးတယ်ဆိုရင်တော့ ကျွန်တော်တို့စိစစ်ပြီးတော့ တည်ဆဲဥပဒေများအရ အရေးယူသွားမှာဖြစ်ပါတယ်။ ဒါပထမအချက်အနေနဲ့ တင်ပြလိုပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီအစီရင်ခံစာ အပိုင်း (၁)၊ (၂)၊ (၃)များကို ပြည်ထောင်စုလွှတ်တော်နာယကကြီးထံ ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်သမ္မတကြီးအနေနဲ့ သဝဏ်လွှာပေးပို့ပြီးဖြစ်ပါတယ်။ ဒါအစီရင်ခံစာအပိုင်း (၁)၊ (၂)၊ (၃)ရဲ့ဆောင်ရွက်ချက်များပါ။ နောက်အပိုင်း (၄)၊ (၅)အထိ ဆောင်ရွက်ချက်များကိုလည်း ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှာထုတ်ပြန်တဲ့ သတင်းကြေညာချက်မှာလည်း ထုတ်ပြန်ပြီးဖြစ်ပါတယ်။ နောက် ကျွန်တော် ခုနကတင်ပြခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃

ရက်နေ့မှာလုပ်ခဲ့တဲ့ အစည်းအဝေးမှာလည်း သက်ဆိုင်ရာ ၃၀-၁၁-၂၀၁၄ ရက်နေ့မှ ဒီနောက်ဆုံး ၃၁-၁၂-၂၀၁၄ ရက်နေ့အထိဆောင်ရွက်ပြီးစီးမှုများကိုလည်း စိစစ်ပြီးဖြစ်ပါတယ်။ ဒါလေးလည်း စိစစ်ပြီးတော့ အချိန်မီ ကျွန်တော်တို့ သတင်းထုတ်ပြန်သွားမှာဖြစ်ပါတယ်။ နောက်ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့တဲ့အထဲမှာ မြေပြင်မှာကွဲလွဲမှုရှိတယ်လို့ သိရပါတယ်။ ဒါမျိုးရှိတယ်ဆိုလို့ရှိရင်လည်း တိတိကျကျလေး နေရာနဲ့တကွရှင်းလင်းတင်ပြရင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ကျွန်တော်ဒီနေရာမှာ တစ်ခုတင်ပြချင်တာကတော့ ဒီမြေယာပြဿနာများကို ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြတဲ့အခါမှာ အစီရင်ခံစာအပိုင်း(၁)၊ (၂)၊ (၃)နဲ့ အခုတင်ပြလာတဲ့ အပိုင်း(၈) ထိရောက်ပါပြီ။ စိစစ်တဲ့အခါမှာ တိုင်စာတူတွေများစွာတွေ့ရပါတယ်။ ဒါကြောင့်မို့ သမ္မတကြီးအနေနဲ့လည်း ပြည်ထောင်စုလွှတ်တော်နာယကကြီးသို့ သဝဏ်လွှာပေးပို့တဲ့အခါမှာ ဒါလေးမေတ္တာရပ်ခံခဲ့တာတစ်ခုရှိပါတယ်။ ဆိုလိုတာကတော့ လက်ခံစဉ်ကတည်းက တာဝန်ရှိသူများအနေနဲ့ စိစစ်ပြီးတဲ့အခါမှာ ကိုယ်လက်ခံတဲ့အခါမှာ ဒီဟာတိုင်ကြားပြီးတယ်ဆိုရင် နဂိုတည်းက တိုင်ကြားပြီးဖြစ်တယ်။ ပထမတစ်စောင်တိုင်ပြီးပြီဆိုပြီးတော့ တစ်ခါတည်း စိစစ်ပြီးဆိုရင်တော့ ကျွန်တော်တို့ စိစစ်တဲ့အပိုင်းမှာ နည်းနည်းလေးနောက်ပိုင်းမှာလုပ်ရကိုင်ရတဲ့အခါမှာ တကယ်ထဲထဲဝင်ဝင်လုပ်ရမယ့်အပိုင်းမှာ ဒီခုနကလို တိုင်စာတွေထပ်နေတဲ့အတွက်လည်း မြေပြင်မှာတကယ်များစွာ လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ နှောင့်နှေးမှုတွေလည်းများစွာ တွေ့ရပါတယ်။ ဒါကြောင့်မူလ ဆောင်ရွက်ခဲ့စဉ်က အပိုင်း(၁)မှာဆိုလည်း တိုင်စာတွေအများကြီးထပ်နေတာ။ ဒီအကြောင်းအရာတစ်ခုတည်းကိုပဲ မူလအမှတ်စဉ် ၁ နဲ့ ၁၀ နဲ့ သွားထပ်တယ်။ အမှတ်စဉ် ၁၀ နဲ့ ၂၀ နဲ့ ထပ်တယ်။

ဒီလိုတိုင်စာတူတွေ ရှိလာမယ်ဆိုရင်လည်း အစောကြီးကတည်းကနေပြီးတော့ လက်ခံစဉ်ကတည်းကနေ တိုင်စာတူတဲ့အတွက် ပထမလက်ခံစဉ်ကတည်းက ဆောင်ရွက်ထားတဲ့ အခြေအနေလေးရှင်းလင်းတင်ပြရင် တိုင်စာတူတဲ့ပြဿနာလဲ ရှင်းသွားမယ်လို့ထင်ပါတယ်။ နောက်တစ်ခုကတော့ ဥပဒေကြောင်းအရ ဖြေရှင်းရမယ့်ကိစ္စတွေဆိုပြီးတော့ ခုနက ဆွေးနွေးတဲ့အထဲမှာပါပါတယ်။ ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်ပေးခြင်းသည် လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာဆုံးရှုံးမှုမရှိစေရေးဆိုတဲ့ ပြည်ထောင်စုလွှတ်တော်ကနေပေးပို့တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အစီရင်ခံစာအပေါ်မူတည်ပြီးတော့ ဖြေရှင်းပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့လည်း မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီဆိုပြီးတော့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။

ဆိုလိုတာကတော့ လယ်မြေမှ၊ ယာမြေမှ မဟုတ်ပါဘူး။ ပြည်သူများနစ်နာဆုံးရှုံးတဲ့ အခြားမြေများကို လည်း ကျွန်တော်တို့ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟို ကော်မတီအနေနဲ့လည်း လယ်မြေယာမြေတင်မဟုတ် အခြားမြေများလည်း ဆုံးရှုံးမနစ်နာဖို့ကို စုံစမ်း ဆောင်ရွက်ပေးတဲ့အဖွဲ့ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်ကနေပြီးတော့ အခြေခံ ဥပဒေမှာလည်း ပါပြီးဖြစ်ပါတယ်။ နိုင်ငံတော်က ပြည်သူ့အကျိုးအတွက် အနည်းဆုံးမြေဧကကိုပဲ ရယူပြီးတော့ စီမံကိန်းတွေဆောင်ရွက်မယ်။ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေလုပ်မယ်ဆိုတဲ့ ဥပဒေနဲ့ အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ အခု မူလအရင်တုန်းက သိမ်းဆည်းထား တာတွေ ပိုသိမ်းတဲ့အတွက် မူလရည်မှန်းချက်တွေနဲ့ ကိုက်ညီအောင်မဆောင်ရွက်တဲ့ ပိုနေတဲ့မြေနေရာ တွေလည်း တိုင်ကြားစာမှာမပါဘဲနဲ့ ဝန်ကြီးဌာနများရော သက်ဆိုင်ရာကုမ္ပဏီများ၊ လုပ်ငန်းရှင်များ ကိုလည်း စွန့်လွှတ်ပြီးဖြစ်ပါတယ်။ ဒါတွေကိုလည်း သက်ဆိုင်ရာတောင်သူများလက်ကိုလည်း ပေးအပ် ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ တချို့သော ဥပဒေကြောင်းအရ ဖြေရှင်းရမယ့်ကိစ္စရပ် သည် ကျွန်တော်တို့က ဒီလိုသိမ်းယူတဲ့မြေများကိုပဲ ဖြေရှင်းဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ပုဂ္ဂလိက တစ်ဦးချင်းဖြစ်တဲ့ကိစ္စ ဦးဖြူနဲ့ဦးနီဖြစ်တဲ့ မြေယာပိုင်ဆိုင်မှုအရှုပ်အရှင်းကိစ္စသည် သက်ဆိုင်ရာ တရားရုံးကပဲ ဖြေရှင်းရမယ့်ကိစ္စဖြစ်ပါတယ်။ လယ်ယာမြေနဲ့အခြားမြေများသိမ်းဆည်းခံရမှု ပြည်သူ များနစ်နာဆုံးရှုံးမှုမရှိစေရေးဆိုတဲ့ အစီရင်ခံစာမှာ အချို့သော မြေယာနဲ့ပတ်သက်တဲ့ပြဿနာများ သည် ဒီလိုဥပဒေ ကြောင်းအရဖြေရှင်းရမယ့်ကိစ္စပါတဲ့အတွက်ကြောင့် ဥပဒေကြောင်းအရဖြေရှင်းရ မယ်ဆိုပြီးတော့ ဒီတွေက ကော်မရှင်ကတင်ပြတဲ့အခါမှာ စုံစမ်းစစ်ဆေးရေးဗဟိုကော်မတီအနေနဲ့ ဆောင်ရွက်ရမယ့် ကိစ္စတွေ၊ ဒီဟာတွေက ကျွန်တော်တို့နဲ့မသက်ဆိုင်ဘူး။ သက်ဆိုင်ရာဥပဒေ ကြောင်းနဲ့ တရားရေးဆိုင်ရာကိစ္စတွေက ဆောင်ရွက်ရမယ့်ကိစ္စတွေဆိုပြီးတော့ ဒါလွှဲပြောင်းပေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခိုင်လုံတယ်၊ မခိုင်လုံဘူးဆိုတာကလည်း ကျွန်တော်ခုနက ဆွေးနွေးတဲ့ ထဲမှာပါပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ တိတိကျကျ ဒီနေရာမှာ ဘယ်သူဟာ ထုတ်ပြန်ထားတဲ့ဥပဒေ၊ နည်းဥပဒေတွေနဲ့ လိုက်နာမှုမရှိဘူး။ ပျက်ကွက်တယ်ဆိုရင် တိတိကျကျတိုင်ကြားရင် ကျွန်တော်တို့က စုံစမ်းဖော်ထုတ်ပြီးတော့ ကျွန်တော်ဆွေးနွေးတင်ပြခဲ့သလို ဝန်ထမ်းတွေဆိုရင် နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ အရေးယူပါမယ်။ အခြားသူများပတ်သက်တယ်ဆိုရင်လည်း တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့် မိုက်တောင်းတယ်။ ပေးပါ။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ခုနကပြောတဲ့ ဥပဒေကြောင်းအရ လမ်းလွှဲတယ်ဆိုတာက မြေသိမ်းဆည်းခံရတဲ့သူတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ လက်ရှိလူတွေက လက်ရှိ လန ၃၉ ရထားလို့ တရားစွဲပြီးတော့ ယူဆိုပြီးပြောလိုက်တော့ အသိမ်းလည်းခံရသေးတယ်။ တရားလည်းအစွဲခံရသေးတယ်။ မိအေးနှစ်ခါနာတယ်။ ကျွန်တော်တို့က ပုဂ္ဂလိကဖြစ်နေတာကို ပြောတာမဟုတ်ဘူးခင်ဗျ။ မြေသိမ်းဆည်းခံရတဲ့ ကိစ္စတစ်ခုတည်းပြောတာ။ ဒါတစ်ချက်။ နောက်တစ်ခုက အသိမ်းဆည်းခံရတယ်။ ဘာမှမလုပ်ဘူး။ ဘာလုပ်ငန်းမှမလုပ်ဘူး။ ဒါပေမယ့် မူလလူတွေပဲ လယ်ယာခြံမြေလုပ်နေတယ်။ အခုကျမှ ဝင်ခြံခတ်တယ်။ အဲဒီအခါကျတော့ ကန့်ကွက်တယ်ပြောတယ်။ ဒါပေမယ့် လက်ရှိလူတွေကို ကျူးကျော်မှုနဲ့တရားစွဲတယ်။ အဲ့ဒါ ဥပဒေနဲ့ကို လွဲနေတာ။ ဥပဒေအရ လက်ရှိလူဟာ လက်ရှိ Inpossessing ဥပဒေမှာ ဒီအတိုင်း ပိုင်ဆိုင်မှုအငြင်းပွားတာနဲ့မဆိုင်ဘူး။ အဲဒီလို ကျူးကျော်နဲ့တရားစွဲခံရတာ။ ကောင်းပြီ။ ဒါဖြင့်ခုနကပြောပါတယ်။ ဒုတိယဝန်ကြီးကနေပြီးတော့ တစ်ခုချင်းကို တိတိကျကျပြောနိုင်လို့ရှိရင် ဆောင်ရွက်ပေးပါမယ်ပြောတဲ့အတွက် ကျွန်တော်ပြောပါ့မယ်။ ဒီမှာအချိန်ပေးနိုင်ရင် ကျွန်တော်အခု တစ်ထိုင်တည်းပြောပါမယ်။ အချိန်မပေးနိုင်ရင် တစ်ခုချင်း၊ တစ်မှုချင်းစီပြောဖို့အတွက် ကျွန်တော့်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ သက်ဆိုင်ရာပြည်ထဲရေးဒုတိယဝန်ကြီးနဲ့ စီစဉ်ပေးပါလို့ မေတ္တာရပ်ခံပါတယ်။ အချိန်ပေးနိုင်ရန် ကျွန်တော်တစ်ခါတည်း ဒီမှာပြောပါမယ်။

**ဥက္ကဋ္ဌ**။ ။ အချိန်မပေးနိုင်ပါဘူး။ ဒါကြောင့် ခုနက တစ်မှုချင်း၊ တစ်ခုချင်းကိစ္စကို သီးခြားထပ်ပြီးတော့ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ နေ့ရက်အချိန်တော့ သတ်မှတ်ပေးပါ ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ပေးပါမယ်။

**မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးသိန်းထွန်းဦး( အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့ရှိ မော်တော်ယာဉ်များ စက်သုံးဆီသုံးစွဲမှုအား သက်ဆိုင်ရာက မည်သို့ ခွင့်ပြုထားပါသနည်း။ အဆိုပါသုံးစွဲမှုများအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ယာဉ်ထိန်းရဲ တပ်ဖွဲ့တစ်ခုချင်းအလိုက် သုံးနှစ်အတွင်း နှစ်အလိုက်သုံးစွဲသည့် ဂါလန်အရေအတွက်အား သိရှိလိုပါ တယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် မော်တော်ယာဉ်နှင့်ယာဉ်မောင်းများအား စီမံချက် ချမှတ်စစ်ဆေးမှုများ ဆောင်ရွက်ကြရာတွင် အချို့သောမြို့ကြီးများမှာ စည်းကမ်းပျက်ယာဉ် နှင့်ယာဉ်မောင်းအမြောက်အမြား ဖမ်းဆီးမိခြင်းကြောင့် သက်ဆိုင်ရာတရားရုံးများသို့ ဒဏ်ငွေပေး ဆောင်ရာတွင် ဒဏ်ကြေးပေးဆောင်သူနှင့် တရားသူကြီးဦးရေ၊ ဝန်ထမ်းဦးရေမမျှမတ ဖြစ်နေခြင်းများ ကြောင့် ပြည်သူတို့မှာ အချိန်ကုန်လူပမ်းဖြစ်နေကြရခြင်း၊ မလိုလားအပ်သော အပေးအယူများ ဆောင်ရွက်နေကြရခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက မည်သို့ဆောင်ရွက်ပေးသွားမည် ကို သိရှိလိုပါကြောင်းနှင့် မော်တော်ယာဉ်များ မတော်တဆထိခိုက်မှုဖြစ်ပြီး သက်ဆိုင်ရာယာဉ်ထိန်းရဲ တပ်ဖွဲ့က ထိန်းသိမ်းထားခဲ့ရာမှ တရားစွဲဆိုတင်ပို့ချိန် သို့မဟုတ် မတော်တဆထိခိုက်မှုဖြစ်သည့်သူ အချင်းချင်း ပြေလည်မှုရရှိသွားချိန်များတွင် မော်တော်ယာဉ်များကို ထိန်းသိမ်းခဲ့သော ရဲတပ်ဖွဲ့စခန်း များက အဆိုပါမော်တော်ယာဉ်တစ်စီးလျှင် ငွေကြေးဘယ်လောက် ပေးဆောင်စေရမည်ဟူသော သတ်မှတ်ချက်များရှိ/မရှိ။ မရှိဘဲဆောင်ရွက်လျက်ရှိနေခဲ့ပါလျှင် မည်ကဲ့သို့စီမံ ဆောင်ရွက်ပေးသွား မည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော်ကပဲ ဆက်လက်ရှင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ တပ်ဖွဲ့ယာဉ်ထိန်းရဲတပ်ဖွဲ့ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာက ၈ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့

အစည်းအဝေးအမှတ်စဉ် ၄၀/၂၀၁၂ အရ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစပြီး ဖွဲ့စည်းပုံအသစ်နဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူးရုံးကို နေပြည်တော်တွင်လည်းကောင်း၊ တပ်ဖွဲ့ခွဲမှူးရုံး သုံးရုံးအား နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင်လည်းကောင်း ဖွဲ့စည်းထားရှိပါတယ်။ အဆိုပါ တပ်ဖွဲ့ခွဲမှူးရုံးများ တစ်ရုံးစီအောက်မှာ ဒုတိယတပ်ဖွဲ့ခွဲမှူးရုံး ငါးရုံးစီဖွဲ့စည်းထားရှိပြီး ဒုတိယတပ်ဖွဲ့ခွဲမှူးရုံး ၁၅ ရုံးတို့ကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များတွင် တာဝန်ပေးအပ်ထားရှိပြီးဖြစ်ပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့တွင် ရှေ့ပြေးမီးတန်းယာဉ် ၉၂ စီး၊ လမ်းရှင်း/လမ်းပိတ်ယာဉ် ၃၀ စီး၊ အုပ်ချုပ်မှုယာဉ် ၅၇ စီး စုစုပေါင်း မော်တော်ယာဉ် ၁၇၉ စီး ရှေ့ပြေးဆိုင်ကယ် ၅၇၉ စီး၊ အုပ်ချုပ်မှုဆိုင်ကယ် ၁၁၈ စီး၊ စုစုပေါင်းဆိုင်ကယ် ၆၉၇ စီးတို့ကို နေပြည်တော်နဲ့ တိုင်းဒေသကြီး/ပြည်နယ်များရှိ ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး၊ တပ်ဖွဲ့ခွဲမှူးရုံးများနှင့် ဒုတိယတပ်ဖွဲ့ခွဲမှူးရုံးများသို့ ဖြန့်ခွဲထားရှိပြီးဖြစ်ပါတယ်။

နေပြည်တော်ရှိ ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှာ အမှတ် (၁) ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးများအတွက် စက်သုံးဆီရရှိမှုအနေနဲ့ ၂၀၁၃ ခုနှစ်မှာ ဒီဇယ် ၄၀၀ ဂါလန်၊ ဓါတ်ဆီ ၃၃၀၀ ဂါလန်၊ ၂၀၁၄ ခုနှစ်မှာ ဒီဇယ် ၉၆၀ ဂါလန်၊ ဓါတ်ဆီ ၇၉၂၀ ဂါလန်တို့ကို ထုတ်ပေးထားရှိပြီးဖြစ်ပါတယ်။ အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲ(ရန်ကုန်)အတွက် ရန်ကုန်တိုင်းဒေသကြီးတပ်ဖွဲ့မှူးရုံးမှ ၂၀၁၂ ခုနှစ်တွင် ဓါတ်ဆီ ၂၄၄၈ ဂါလန်၊ ၂၀၁၃ ခုနှစ်တွင် ဓါတ်ဆီ ၂၄၄၈ ဂါလန်၊ ၂၀၁၄ ခုနှစ်တွင် ဓါတ်ဆီ ၂၄၄၈ ဂါလန်တို့ကို ထုတ်ပေးထားခဲ့ပြီးဖြစ်ပါတယ်။ အမှတ်(၃)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)အတွက်ကို မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ၂၀၁၂ ခုနှစ်မှာ ဓါတ်ဆီ ၁၉၆၈ ဂါလန်၊ ၂၀၁၃ ခုနှစ်မှာ ဓါတ်ဆီ ၁၉၆၈ ဂါလန်၊ ၂၀၁၄ ခုနှစ်မှာ ဓါတ်ဆီ ၁၉၆၈ ဂါလန်တို့ကို ထုတ်ပေးထားခဲ့ပါတယ်။ အမှတ်(၃) ယာဉ်ထိန်း ဒုတိယတပ်ဖွဲ့ခွဲမှူးရုံး(ပဲခူး)အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့မှ ၂၀၁၃ ခုနှစ်အတွက် ဓါတ်ဆီ ၁၆၀ ဂါလန်၊ ၂၀၁၄ ခုနှစ်တွင် ဓါတ်ဆီ ၂၄၅.၅ ဂါလန်တို့ကို ထုတ်ပေးထားခဲ့ပါတယ်။ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များရှိ ယာဉ်ထိန်း ဒုတိယရဲတပ်ဖွဲ့ခွဲမှူးရုံးများတွင် သာမန်တာဝန်ခရီးစဉ်အတွက်ကို စက်သုံးဆီအား တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများမှ အသုံးပြုအခြေအနေပေါ်မူတည်၍ ထုတ်ပေးထားရှိပြီး၊ အရေးကြီးပုဂ္ဂိုလ် ခရီးစဉ်များနှင့် နိုင်ငံခြားဧည့်သည်ခရီးစဉ်များတွင် သုံးစွဲကုန်ကျသည့်စက်သုံးဆီများကို သက်ဆိုင်ရာအစိုးရအဖွဲ့နှင့်ဝန်ကြီးဌာနများမှ ခရီးစဉ်အလိုက် သုံးစွဲမှုအပေါ်မူတည်ပြီး ပြန်လည်ပံ့ပိုးပေးလျက်ရှိပါတယ်။

**မူကြမ်း**

စည်းကမ်းပျက်ယာဉ်များအရေးယူမှုကို တစ်နိုင်ငံလုံးအနေနဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာ မော်တော်ယာဉ် ၃၃၉၂၉၀ မှု၊ မော်တော်ဆိုင်ကယ် ၂၄၂၂၉၄ မှု၊ ထော်လာဂျီ ၃၇၃၆ မှု၊ သုံးဘီးယာဉ် ၃၇၁၂ မှု၊ အနှေးယာဉ် ၂၈၀ မှု စုစုပေါင်း ၅၈၉၃၀၃ မှုတို့ကို အရေးယူဆောင်ရွက်ခဲ့ပါတယ်။ နေပြည်တော်တွင် စည်းကမ်းပျက်ယာဉ်များအရေးယူမှုအနေဖြင့် ၂၀၁၂ ခုနှစ်အတွင်းမှာ ၁၁၄၁၂ မှု၊ ၂၀၁၃ ခုနှစ်အတွင်းမှာ ၇၃၈၀ မှု၊ ၂၀၁၄ ခုနှစ်အတွင်းမှာ ၆၀၀၁ မှုရှိတဲ့အတွက် တစ်ရက်လျှင်ပျမ်းမျှ ၂၄ မှု အရေးယူနိုင်ခဲ့ပြီး မော်တော်ယာဉ်တရားရုံးတစ်ရုံးမှ တစ်ရက်လျှင်ပျမ်းမျှ နှစ်မှု၊ စည်ပင်သာယာရေးတရားရုံးမှ တစ်ရက်လျှင်ပျမ်းမျှ ၁၂ မှု စုစုပေါင်းတစ်ရက်လျှင်ပျမ်းမျှ ၁၄ မှုကိုစစ်ဆေးစီရင်ပေးလျက်ရှိပါ တယ်။ ရန်ကုန်မြို့တွင် စည်းကမ်းပျက်ယာဉ် အရေးယူမှုအနေဖြင့် ၂၀၁၂ ခုနှစ်မှာ ၄၇၀၇၁၉ မှု၊ ၂၀၁၃ ခုနှစ်မှာ ၃၅၂၇၆၆ မှု၊ ၂၀၁၄ ခုနှစ်မှာ ၂၅၂၀၄၅ မှုရှိတဲ့အတွက် တစ်ရက် ပျမ်းမျှ ၉၈၂ မှုအရေးယူနိုင်ခဲ့ပြီး မော်တော်ယာဉ်တရားရုံး နှစ်ရုံးမှ တစ်ရက်ပျမ်းမျှ ၄၆၄ မှု၊ စည်ပင်သာယာရေးတရားရုံး ခုနစ်ရုံးမှ တစ်ရက်ပျမ်းမျှ ၁၅ မှု စုစုပေါင်း တစ်ရက်လျှင်ပျမ်းမျှ ၄၇၉ မှုကို စစ်ဆေးစီရင်ပေးလျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှုများအတွက် စွဲဆိုတင်ပို့လာတဲ့အမှုများကို ပန်းဘဲတန်းနှင့် အင်းစိန်မြို့နယ် မော်တော်ယာဉ်တရားရုံးများမှ အဆင်ပြေချောမွေ့စွာနေ့ချင်းပြီး စစ်ဆေးစီရင်ပေးလျက်ရှိတဲ့အပြင် အခြားမြို့နယ်များတွင်ဖြစ်ပွားတဲ့ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့လာတဲ့အမှုများကို သက်ဆိုင်ရာ မြို့နယ်တရားရုံးများမှ နေ့ချင်းပြီး စစ်ဆေးစီရင်ပေးလျက်ရှိပါတယ်။

မန္တလေးမြို့မှာ စည်းကမ်းပျက်ယာဉ်များ အရေးယူမှုအနေဖြင့် ၂၀၁၂ ခုနှစ်မှာ ၃၂၅၆၈ မှု၊ ၂၀၁၃ ခုနှစ်မှာ ၂၄၉၈၇ မှု၊ ၂၀၁၄ ခုနှစ်အတွင်းမှာ ၆၂၆၉၄ မှုရှိတဲ့အတွက် တစ်ရက်လျှင်ပျမ်းမျှ ၁၁၀ မှု အရေးယူနိုင်ခဲ့ပြီး မော်တော်ယာဉ်တရားရုံး တစ်ရုံးမှ တစ်ရက်လျှင်ပျမ်းမျှ ငါးမှု၊ စည်ပင်သာယာရေးတရားရုံး တစ်ရုံးမှ တစ်ရက်လျှင်ပျမ်းမျှ ၈၃ မှု၊ စုစုပေါင်း တစ်ရက်လျှင်ပျမ်းမျှ ၈၈ မှုကို စစ်ဆေးစီရင်ပေးလျက်ရှိပါတယ်။ တိုးတက်များပြားလာတဲ့ မော်တော်ယာဉ်များနဲ့ စည်းကမ်းပျက်ယာဉ်များ တိုးလာသော်လည်း လက်ရှိတရားရုံးများမှ နေ့စဉ်စီရင်ပေးနိုင်ကြောင်း တွေ့ရှိရပါတယ်။ ယခုအခြေအနေထက်ပိုမိုပြီး မြန်မြန်ဆန်ဆန်စီရင်ပေးနိုင်ရေးအတွက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှလည်း ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သိရှိရပါတယ်။ အလားတူ အခြားတိုင်းဒေသကြီး/ပြည်နယ်များ၌ ဖြစ်ပေါ်နေတဲ့ စည်းကမ်းပျက်ယာဉ်များ အရေးယူမှုအား သက်ဆိုင်ရာမြို့နယ်တရားရုံးများတွင် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။

**မူကြမ်း**

လက်ရှိအချိန်တွင် ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကို နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိသော်လည်း ယာဉ်မတော်တဆမှုများတွင် အမှုတွဲခိုင်မာစွာ တည်ဆောက်နေရမှုများကြောင့် အတိုင်းအတာတစ်ခုထိ ကြန့်ကြာမှုများရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ခရိုင်/မြို့နယ်ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်ထားတဲ့ အချို့လမ်းကြောင်းများနဲ့ စည်ပင်သာယာနယ်နိမိတ်ပြင်ပမှာရှိတဲ့ မြို့နယ်များမှာ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများရှိပါက ခရီးစဉ်ကြန့်ကြာမှု၊ နှောင့်နှေးမှုများမရှိစေရန်အတွက် တစ်ပတ်အတွင်း စည်းကမ်းဖောက်ဖျက်မှုအလိုက် ချလန်ဖြတ်၍ ဒဏ်ငွေကို ပေးဆောင်စေလျက်ရှိပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်မတော်တဆမှုများကို စစ်ဆေးရာမှာ တရားခံခေါ်ဆောင်စရိတ်နှင့် သက်သေခံယာဉ်သယ်ယူစရိတ်တို့ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စတင်ခွင့်ပြုပေးခဲ့ရာ ၎င်းဘဏ္ဍာရေးနှစ်အတွင်းရှိ ယာဉ်မတော်တဆမှုများကို အခြေခံ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ သယ်ယူပို့ဆောင်ခအသုံးပြုငွေ၊ အသုံးစရိတ်ခွင့်ပြုငွေ ၆၂၆၅၀၀၀၀ ကျပ်အား ခွင့်ပြုချမှတ်ပေးခဲ့ပြီး သက်ဆိုင်ရာရဲတပ်ဖွဲ့ခွဲများရဲ့ တင်ပြချက်များအပေါ် စိစစ်၍ သယ်ယူပို့ဆောင်စရိတ် ၈၁၅၀၅၀၀ ကျပ် ထုတ်ယူသုံးစွဲခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် သယ်ယူပို့ဆောင်ခအသုံးစရိတ် ၁၀၈၈၀၀၀၀ ကျပ်အား ခွင့်ပြုပေးခဲ့ပြီး သက်ဆိုင်ရာတပ်ဖွဲ့ခွဲများရဲ့ တင်ပြချက်များအပေါ်စိစစ်၍ ၆၇၈၀၀၀၀ ကျပ်အား ထုတ်ယူသုံးစွဲခဲ့ပြီးဖြစ်ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များရှိ ရဲစခန်းများတွင် ထိန်းသိမ်းထားရှိသော သက်သေခံမော်တော်ယာဉ်များနှင့်ပတ်သက်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ငွေကြေးပေးဆောင်ရန် သတ်မှတ်ထားမှုမရှိပါကြောင်းနဲ့ တရားမဝင်ငွေကြေးတောင်းခံကြောင်း သက်သေခံအထောက်အထား ပြည့်စုံစွာဖြင့် တိုင်ကြားလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေနဲ့အညီ စစ်ဆေးအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပြည်သူလူထုများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာတတ်တဲ့အလေ့အကျင့်ကောင်းများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ယာဉ်မတော်တဆမှုများနှင့် မှုခင်းများ လျော့နည်းကျဆင်းသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးသိန်းထွန်းဦး( အမရပူရမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ(ဃ) အရ တစ်ဆက်တစ်စပ်တည်းမေးခွန်းအား မေးမြန်းခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ တရားရုံးတွေမှာ ပျမ်းမျှဆိုပြီးတော့ ဖြေကြားသွားပါတယ်။ တကယ်

Surprise Check လုပ်တဲ့အခါမှာ အုံနဲ့ကျင်းနဲ့မိပါတယ်။ အဲ့ဒီလိုမိတဲ့အခါမှာ ဆောင်ကြရတဲ့လူတွေဟာ ပျမ်းမျှနဲ့တွက်လို့မရပါဘူး။ လူဦးရေများပါတယ်။ လူဦးရေများတဲ့အပေါ်မှာ ဒဏ်ငွေပေးဆောင်တဲ့၊ ချိန်းတဲ့ရက်မှာသွားတဲ့အခါ အချိန်မမီတဲ့အတွက် တချို့သွားစရာမလိုဘူး။ ဘယ်လောက်ပေးလိုက်။ ဘယ်လိုရတယ်ဆိုတဲ့ဟာတွေကို သက်ဆိုင်ရာအဖွဲ့အစည်းများက သိရှိပါသလား။ နောက်တစ်ချက်ကတော့ ဒီလိုများပြားလာတဲ့ ဒဏ်ငွေပေးဆောင်ရတဲ့အမှုမျိုးမှာ ဘယ်လိုများစီမံဆောင်ရွက်မလဲဆိုတာ ကျွန်တော့်အနေနဲ့ သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ စည်းကမ်းပျက်ယာဉ်များကို ဆောင်ရွက်နိုင်ဖို့အတွက်ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ တာဝန်ပေးအပ်ချက်အရ ကျွန်တော်တို့ စီမံချက်များရေးဆွဲပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ တစ်ရက်ပျမ်းမျှဆောင်ရွက်ချက်သည် တစ်နှစ်လုံးမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေပေါ်မူတည်ပြီးတော့ တစ်ရက်ပျမ်းမျှ ၁၅ မှု၊ တစ်နှစ်ပျမ်းမျှ ၄၆၅ မှုစသည်ဖြင့် ဒီလိုတင်ပြခဲ့ခြင်းဖြစ်ပါတယ်။ အရေးပေါ်စီမံချက်အရ ဆောင်ရွက်တဲ့ကိစ္စများဆိုရင် ကျွန်တော် ခုနကတင်ပြခဲ့တဲ့အထဲမှာလည်း ပါပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ခရီးသွားလာမှု နှောင့်ယှက်မှုလည်းမဖြစ်အောင်၊ ခရီးစဉ်လည်း ကြန့်ကြာမှုမဖြစ်အောင် တစ်ပတ်အတွင်းမှာ စည်းကမ်းဖောက်ဖျက်မှုများကို ချလန်ဖြတ်ပြီးတော့ ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှုကိုတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်း ဒါကို အနီးကပ်ကြပ်မတ်ပြီးတော့ သူတို့ တရားရုံးများကို အမှုများအမြန်စီရင်နိုင်ရေးအတွက်ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေရှင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

အချိန်၊၁၁း၀၀။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မူကြမ်း**

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

အချိန်၊ ၁၁:၄၀။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံပြေးများကို ဖမ်းဆီးရမိရန် မည်သို့ဆောင်ရွက်လျက်ရှိခြင်းနှင့် တရားခံပြေးများစာရင်းကို ဖော်ပြပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မှုခင်းဖြစ်စဉ်များမှာ မှုခင်းကျူးလွန်ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေတဲ့ တရားခံများ တစ်နေ့တခြား များပြားလာပြီး ၎င်းတို့ဟာ မြို့/ရွာအနှံ့မှာ ပုန်းရှောင်နေပြီး နောက်ထပ်မှုခင်းများ ကျူးလွန်လေ့ရှိကြောင်းကို ကြားသိရပါတယ်။ မြန်မာနိုင်ငံမှာ တရားခံပြေး လေးမျိုးရှိတယ်လို့သိရပါတယ်။ မိမိရဲစခန်းမှ အလိုရှိသော ပြန်တမ်းဝင် တရားခံပြေး၊ အခြားရဲစခန်းများမှအလိုရှိသော ပြန်တမ်းဝင်တရားခံပြေး၊ မိမိရဲစခန်းမှအလိုရှိသော ပြန်တမ်းမဝင်တရားခံပြေးနဲ့ အခြားရဲစခန်းများမှအလိုရှိသော ပြန်တမ်းမဝင်တရားခံပြေးများပဲ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဇွန်လကုန်ထိ ပြန်တမ်းဝင်တရားခံပြေး ၉၁၀ ယောက်ရှိပြီးတော့ ပြန်တမ်းမဝင် တရားခံ ပြေးဟာ ၁၂၄၉၄ ယောက် စုစုပေါင်း ၁၃၄၀၄ ယောက်ဖြစ်ကြောင်း ကြားသိရပါတယ်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ကသိရှိရတဲ့သတင်းအချက်အလက်အရ ၂၀၁၄ ခုနှစ် ဧပြီလကနေစတင်ပြီး စီမံချက်နဲ့ ဆောင်ရွက်ခဲ့တဲ့နေရာမှာ ဒီဇင်ဘာလအထိ တရားခံပြေး စုစုပေါင်း ၂၇၃၉ ဦးကို ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရဲ့ စာရင်းအရဆိုရင် လွတ်မြောက်နေတဲ့ တရားခံပြေးဟာ ၁၀၆၆၅ ဦးရှိပါတယ်။ ဒီတရားခံပြေး ၁၀၀၀၀ ကျော်ဟာ မြန်မာနိုင်ငံနေရာအနှံ့အပြားမှာ ပုန်းအောင်းနေထိုင်ကြပါတယ်။ အများအားဖြင့်တော့ ကျေးလက်ဒေသတွေမှာ ပုန်းအောင်းနေထိုင်တယ်လို့ ဆိုပါတယ်။ ရန်ကုန်မြို့တော်ထဲမှာပင် တရားခံ

ပြေး ၁၃၀၀ ကျော်ရှိတယ်လို့ သတင်းများက ပြောပါတယ်။ ၎င်းတရားခံပြေးတွေဟာ နောက်ထပ် လုယက်မှု၊ လူသတ်မှု၊ မုဒိမ်းမှု၊ ခိုးမှု၊ နာကျင်စေမှုနဲ့ ယာဉ်တိုက်မှုတို့ကို ကျူးလွန်ကြ ကြောင်းလည်း ဆိုပါတယ်။ တစ်နိုင်ငံလုံးမှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ တစ်လရဲ့အတွင်းမှာပဲ အမှု ပေါင်း ၂၃၀၀ ကျော် ဖြစ်ပွားခဲ့ပြီးတော့ နာကျင်မှုနဲ့ မုဒိမ်းမှုဖြစ်စဉ်များဟာ ပိုမိုဖြစ်ပွားခဲ့ကြောင်းနဲ့ ကျူးလွန်သူမမိသေးတဲ့ အမှုနဲ့ တရားစွဲရန်ကျန်ရှိတဲ့အမှုပေါင်း ၂၀၀၀ ကျော်ရှိနေတယ်လို့ သတင်းများ မှာ ဖော်ပြပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ အခုတလော မကြာခဏကြားနေရတဲ့ စိတ်မချမ်းမြေ့ဖွယ်ရာ မှုခင်း သတင်းတွေကတော့ သက်ကြီးရွယ်အိုများကို နေအိမ်မှာတစ်ဦးတည်းရှိနေစဉ် သတ်ဖြတ်၍ ရွှေ၊ ငွေ ပစ္စည်းတို့ကို ယူဆောင်သွားတဲ့ဖြစ်စဉ်တွေနဲ့ လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်တဲ့မှုခင်းတွေကို သတင်းစာတွေထဲမှာ၊ သတင်းတွေထဲမှာ ကျွန်မတို့ကြားနေရပါတယ်။ ၎င်းအပြင် လုယက်မှုနဲ့ ဓားပြ မှုတွေဟာလည်း နေရာအနှံ့အပြားမှာလည်း ပုံစံအမျိုးမျိုးနဲ့ဖြစ်ပွားနေကြောင်းလည်း ကြားသိနေရပါ တယ်။ တရားခံပြေးများနှင့် ဆက်စပ်တဲ့မှုခင်းများဖြစ်သလားလို့ ပြည်သူလူထုအနေနဲ့ စိုးရိမ်ပူပန်မှုများ ရှိနေပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံများထိန်းသိမ်းရေး၊ ပြည်သူများရဲ့ဘဝလုံခြုံရေးနဲ့ မိမိတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်အတွက် စိတ်သောကများနှင့် စိုးရိမ်ပူပန်မှုများရှိနေရတဲ့အတွက်ကြောင့် ဒီမေးခွန်းကို ကျွန်မ အနေနဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ မေးခွန်းမှာ မြန်မာနိုင်ငံအတွင်း မှုခင်းဖြစ်စဉ်များ ကျူးလွန်ပြီး နောက် ထွက်ပြေးတိမ်းရှောင်နေတဲ့ တရားခံများအား ဖမ်းဆီးရမိရန် မည်ကဲ့သို့ စီမံချက်များထား၍ ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားခံပြေးဦးရေစာရင်းများ ကို ဖော်ပြနိုင်ခြင်းရှိ/မရှိကို မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်ကပဲ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဟာ ကျွန်တော်တို့ ပြည်တွင်းလုံခြုံရေး၊ ရပ်/ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက်တာဝန်ကြီးလေးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်ရာမှာ မှုခင်းများမဖြစ်ပွားစေရေးအတွက်ကို ကြိုတင်ကာကွယ်ခြင်းသည်လည်း အရေးကြီးတဲ့ကဏ္ဍမှာ ပါဝင်လျက်ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ပြစ်မှုကျူးလွန်ပြီးတော့ ထွက်ပြေးတိမ်းရှောင်နေတဲ့ တရားခံပြေးများဟာ ၎င်းတို့ရဲ့ဘဝရပ်တည်ရေးအတွက်ကို ပြစ်မှုများ ထပ်မံကျူးလွန်ရန်ရှိတဲ့အတွက် တရားခံပြေး ဖမ်းဆီးရမိရေးဟာလည်း အရေးကြီးတဲ့တာဝန်တစ်ရပ်အဖြစ် ခံယူပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တရားခံပြေးများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက်ကို စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဦးတစ်ယောက်က ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိတာနှင့်တစ်ပြိုင်တည်း တရားခံပြေးပုံစံ ပြစ်မှု ၂၈/ရဲ ၆၂ ပုံစံမှာ ဖြည့်သွင်းပြီးတော့ တရားခံပြေးသွားရောက်နိုင်တဲ့ဒေသများမှာရှိတဲ့ ရဲစခန်းများကို ဖြန့်ဝေပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ တရားခံပြေးများရဲ့ ကိုယ်ရေးအချက်အလက်များမှာပါဝင်တဲ့ တရားခံပြေးပုံစံလက်ခံရရှိတဲ့ ရဲစခန်းမှ မူလရဲစခန်းသို့ ရရှိကြောင်းပြန်ကြားပေးရပြီးတော့ တရားခံပြေးဖမ်းဆီးရေးအဖွဲ့၊ နယ်ထိန်းရဲအဖွဲ့တို့ကနေပြီးတော့ တရားခံပြေးစုံစမ်းဖမ်းဆီးကာ သက်ဆိုင်ရာရဲစခန်းများကို အကြောင်းကြားကာ တရားခံပြေးအချက်အလက်များကို ၎င်းတို့ရောက်ရှိနိုင်တဲ့အရပ်ဒေသရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများမှာထားရှိတဲ့ ရဲအရာရှိများ လာရောက်စစ်ဆေးချက်မှတ်တမ်းပုံစံ ပြစ်မှု ၇၈ မှာလည်း ရေးသွင်းထားရပါတယ်။ တရားခံပြေးများအား ပြန်လည်ဖမ်းဆီးရမိပါက သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆိုတင်ပို့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးမှ တရားခံပြေးဖိုင်များကို ပယ်ဖျက်ရန် အမိန့်ချမှတ်ဆောင်ရွက်ရပါတယ်။ ပြစ်မှုကျူးလွန်ပြီး တိမ်းရှောင်နေတဲ့ တရားခံပြေးအချက်အလက်များကို ရဲစခန်းမှတ်ပုံတင် ၂၉ မှာရေးဖွင့်ဆောင်ရွက်ရပါတယ်။ တရားခံပြေးမှတ်တမ်းများကို ရဲစခန်းမှ မှတ်ပုံတင် ၂၉(က)မှာ မိမိရဲစခန်းမှ အလိုရှိ၍ ပြစ်မှုမှတ်တမ်းတွင်ကြော်ငြာခြင်းခံရတဲ့ တရားခံပြေးဖိုင်၊ နောက် ၂၉(ခ) မှာတော့ အခြားရဲစခန်းမှအလိုရှိ၍ ပြစ်မှုမှတ်တမ်းတွင်ကြော်ငြာခြင်းခံရတဲ့ တရားခံပြေးများဖိုင်၊ နောက် ၂၉(ဂ)မှာတော့ မိမိစခန်းမှအလိုရှိ၍ ပြစ်မှုမှတ်တမ်းတွင်ကြော်ငြာခြင်းမခံရတဲ့ တရားခံပြေးများဖိုင်၊ ၂၉(ဃ) မှာတော့ အခြားရဲစခန်းမှအလိုရှိ၍ ပြစ်မှုမှတ်တမ်းတွင် ကြော်ငြာခြင်းမခံရတဲ့ တရားခံပြေးများဖိုင်ဆိုပြီးတော့ အမျိုးအစားလေးမျိုး ခွဲခြားပြီးတော့ ရေးဖွင့်ဆောင်ရွက်လျက်ရှိပါတယ်။

**မူကြမ်း**

ရဲလက်စွဲဒုတိယအပိုဒ် ၁၅၁၀ ပါ ပြစ်မှု ၁၂ မျိုးမှာလည်း ကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်သူများကို ပြစ်မှုမှတ်တမ်းမှာ ကြေညာရပါတယ်။ မှုခင်းတပ်ဖွဲ့မှ လစဉ်ပြုစုတင်ပြထားတဲ့ ပြစ်မှုမှတ်တမ်းများပေါ်မူတည်ပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများမှတစ်ဆင့် ခရိုင်၊ မြို့နယ်၊ ရဲစခန်းများအထိ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက်ကို ဖြန့်ဝေပေးပို့လျက်ရှိပါတယ်။

ပြည်သူလူထုအနေနဲ့ တရားခံပြေးများ လက်သင့်ခံခြင်း၊ ရဲတပ်ဖွဲ့သို့ သတင်းပေးရန်ပျက်ကွက်ခြင်းတို့ကို ကျူးလွန်ပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၃၆၊ ပုဒ်မ ၂၁၂၊ ပုဒ်မ ၂၁၃၊ ပုဒ်မ ၂၁၄၊ ပုဒ်မ ၂၁၆၊ ပုဒ်မ ၂၁၆-က တို့အရ အရေးယူနိုင်ကြောင်းကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရဲစခန်းများအလိုက် ရပ်ကွက်/ကျေးရွာအုပ်စု၊ စာသင်ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံများအထိ မှုခင်းအသိပညာပေးဟောပြောမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တရားခံပြေးများဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက်ကို ပြည်သူလူထုမှ ပူးပေါင်းပါဝင် သတင်းပေးဆောင်ရွက်နိုင်ခြင်းဖြင့် ပိုမိုအောင်မြင်နိုင်မည်ဖြစ်တဲ့အတွက် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် (Community Policing) အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီးတော့ မှုခင်းကျဆင်းရေး၊ မှုခင်းကာကွယ်တားဆီးရေးနဲ့ တရားခံပြေးများ ဖော်ထုတ်ဖမ်းဆီးရမိရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှာပြုလုပ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အစည်းအဝေးခန်းမမှာ ရဲဦးစီးအရာရှိချုပ်ခေါင်းဆောင်တဲ့အဖွဲ့ကနေပြီးတော့ တရားခံပြေးများနှင့်ပတ်သက်တဲ့ ပြည်သူများကို သိသင့်သိထိုက်တဲ့အချက်အလက်များကို MRTV၊ MRTV-4၊ Sky Net၊ 5 Net Work၊ Eleven Media၊ ကုမုဒြာဂျာနယ်စတဲ့ ရုပ်/သံနဲ့ စာနယ်ဇင်းများကိုဖိတ်ကြားပြီးတော့ အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြည်သူလူထုနှင့် ပူးပေါင်း၍ တရားခံပြေးများကို ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာမှာ ၂၀၁၁ ခုနှစ်အတွင်းမှာ တရားခံပြေး ၁၅၁၁ ဦး၊ ၂၀၁၂ ခုနှစ်အတွင်းမှာ ၁၅၁၉ ဦး၊ ၂၀၁၃ ခုနှစ် အတွင်းမှာ တရားခံပြေး ၁၅၂၀ ဦး၊ ၂၀၁၄ ခုနှစ်မှာ တရားခံပြေး ၁၈၈၄ ဦး စုစုပေါင်း တရားခံပြေး ၆၄၃၄ ဦးကို နှစ်အလိုက်ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ၂၀၁၄ ခုနှစ်အတွင်း ဖမ်းဆီးရန်ကျန်ရှိတဲ့ တရားခံပြေးများကတော့ နေပြည်တော်မှာ ၅၂၄ ဦး၊ ကချင်ပြည်နယ်မှာ ၇၀၉ ဦး၊ ကယားပြည်နယ်မှာ

၃၈ ဦး၊ ကရင်ပြည်နယ်မှာ ၃၅၄ ဦး၊ ချင်းပြည်နယ်မှာ ၂၁၀ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၉၀၀ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှာ ၂၃၅ ဦး၊ ပဲခူးတိုင်းဒေသကြီးမှာ ၁၇၇၀ ဦး၊ မကွေးတိုင်းဒေသကြီးမှာ ၁၇၉ ဦး၊ မန္တလေးတိုင်းဒေသကြီးမှာ ၁၅၀၉ ဦး၊ မွန်ပြည်နယ်မှာ ၇၂၀ ဦး၊ ရခိုင်ပြည်နယ်မှာ ၁၁၆၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှာ ၂၄၃၆ ဦး၊ ရှမ်းပြည်နယ်မှာ ၃၃၈ ဦးနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ၆၂၅ ဦး စုစုပေါင်း ၁၁၇၀၈ ဦးကျန်ရှိလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရန်ကျန်ရှိတဲ့ တရားခံပြေးများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရေးဆွဲထားတဲ့ စီမံချက်နှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးများက ကြီးကြပ်ကွပ်ကဲမှုနဲ့ ခရိုင်၊ မြို့နယ်များမှာ တရားခံပြေး ဖမ်းဆီးရေးအထူးအဖွဲ့များ ဖွဲ့စည်းပြီးတော့ Hot Spot Area များ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူလူထုများကိုလည်း ပူးပေါင်းပါဝင်သတင်းပေးဆောင်ရွက်ခြင်းအားဖြင့် တရားခံပြေးများကို ပိုမိုဖော်ထုတ်ဖမ်းဆီးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ၂၃-၉-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းတို့

ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှာ ပြင်ဆင်ခြင်းမပြုသည့် လွှတ်တော်၏ပြင်ဆင်ချက်ကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက် ၆၇ ချက် တင်ပြရန် ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း လွှတ်တော်မှ သဘောတူလက်ခံပေးပါရန် ပြင်ဆင်ချက် ၆၇ ချက်အား လွှတ်တော်သို့ တင်ပြအစီရင်ခံမှာဖြစ်ပါတယ်။ စာမျက်နှာ ၁ အမှတ်စဉ် ၂ အသစ်ဖြည့်စွက်ချက်၊ စာမျက်နှာ ၁ အမှတ်စဉ် ၃ အပိုဒ် ၂၊ စာမျက်နှာ ၆ အမှတ်စဉ် ၂၂ အပိုဒ် ၂ အပိုဒ်ခွဲ(င)၊ စာမျက်နှာ ၇ အမှတ်စဉ် ၂၃ မှ အမှတ်စဉ် ၂၅ အထိဖြစ်သော အပိုဒ် ၂ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ စာမျက်နှာ ၈ အမှတ်စဉ် ၂၉ အပိုဒ် ၂ အပိုဒ်ခွဲ(ဍ)၊ စာမျက်နှာ ၉ အမှတ်စဉ် ၃၀ မှ အမှတ်စဉ် ၃၂ အထိဖြစ်သော အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(ဎ)၊ စာမျက်နှာ ၁၀ အမှတ်စဉ် ၃၄ နှင့် အမှတ်စဉ် ၃၅ ဖြစ်သော အပိုဒ် ၂ အပိုဒ်ခွဲ(တ)၊ အပိုဒ်ခွဲ(ထ)၊ စာမျက်နှာ ၁၁၊ အမှတ်စဉ် ၃၉ နှင့် အမှတ်စဉ် ၄၀ ဖြစ်သော အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဆ)ကိုပယ်ဖျက်ခြင်း၊ စာမျက်နှာ ၁၄ နှင့် စာမျက်နှာ ၁၅ မှာရှိတဲ့ အမှတ်စဉ် ၄၈ နှင့် အမှတ်စဉ် ၄၉ ဖြစ်သော အပိုဒ် ၄

အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ စာမျက်နှာ ၁၇ အမှတ်စဉ် ၅၅၊ အမှတ်စဉ် ၅၇ နှင့် အမှတ်စဉ် ၅၈ ဖြစ်သော အပိုဒ် ၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ စာမျက်နှာ ၁၈ နှင့် စာမျက်နှာ ၁၉ တွင်ရှိသော အမှတ်စဉ် ၆၀၊ အမှတ်စဉ် ၆၁ နှင့် အမှတ်စဉ် ၆၃ ဖြစ်သည့် အပိုဒ် ၆ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ (ဇ)ကိုပယ်ဖျက်ခြင်း၊ စာမျက်နှာ ၂၀ နှင့် စာမျက်နှာ ၂၁ တွင်ရှိသော အမှတ်စဉ် ၆၆ ၊ အမှတ်စဉ် ၆၇၊ အမှတ်စဉ် ၆၈၊ အမှတ်စဉ် ၇၀၊ အမှတ်စဉ် ၇၁ နှင့် အမှတ်စဉ် ၇၂ ဖြစ်သည့် အပိုဒ် ၇ အပိုဒ်ခွဲ(ခ)၊ မူလအပိုဒ် ၈ အပိုဒ်ခွဲ(က)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ (င)၊ စာမျက်နှာ ၂၃ အမှတ်စဉ် ၇၉ အပိုဒ် ၈ အပိုဒ်ခွဲ(ဋ)နှင့် အပိုဒ်ခွဲ(ဌ)၊ စာမျက်နှာ ၂၄ နှင့် စာမျက်နှာ ၂၅ တွင်ရှိသော အမှတ်စဉ် ၈၂ အပိုဒ် ၁၀၊ စာမျက်နှာ ၂၆ နှင့် စာမျက်နှာ ၂၇ တွင်ရှိသော အမှတ်စဉ် ၈၉ မှ အမှတ်စဉ် ၉၁ ဖြစ်သည့် အပိုဒ် ၁၄ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င)၊ စာမျက်နှာ ၂၈ အမှတ်စဉ် ၉၅ နှင့် အမှတ်စဉ် ၉၆ ဖြစ်သော အပိုဒ် ၁၄ အပိုဒ်ခွဲ(ဈ)နှင့် အပိုဒ်ခွဲ(ည)၊ မူလအပိုဒ် ၁၀ အပိုဒ်ခွဲ(ဋ)ကိုပယ်ဖျက်ခြင်း၊ စာမျက်နှာ ၂၉ အမှတ်စဉ် ၉၈ နှင့် အမှတ်စဉ် ၁၀၀ ဖြစ်သော အပိုဒ် ၁၄ အပိုဒ်ခွဲ(ဌ)၊ အပိုဒ်ခွဲ(ဎ)၊ စာမျက်နှာ ၃၁ အမှတ်စဉ် ၁၀၄ အပိုဒ် ၁၅၊ စာမျက်နှာ ၃၁ နှင့် စာမျက်နှာ ၃၂ တွင်ရှိသော အမှတ်စဉ် ၁၀၅ မူလအခန်း(၇) တစ်ခန်းလုံးအားပယ်ဖျက်ခြင်း၊ စာမျက်နှာ ၃၃ အမှတ်စဉ် ၁၀၆ မူလအခန်း(၈) တစ်ခန်းလုံးပယ်ဖျက်ခြင်း၊ စာမျက်နှာ ၃၅ အမှတ်စဉ် ၁၁၂ အပိုဒ် ၁၇ ပယ်ဖျက်ခြင်း၊ စာမျက်နှာ ၃၅ အမှတ်စဉ် ၁၁၄ အပိုဒ် ၁၈၊ စာမျက်နှာ ၃၆ နှင့် စာမျက်နှာ ၃၇ တွင်ရှိသော အမှတ်စဉ် ၁၁၇ နှင့် အမှတ်စဉ် ၁၁၈ မူလအပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ) အားပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(ဂ)၊ စာမျက်နှာ ၃၈ မှ စာမျက်နှာ ၄၀ တွင်ရှိသော အမှတ်စဉ် ၁၂၇ မူလအခန်း(၁၁) တစ်ခန်းလုံးအား ပယ်ဖျက်ခြင်း၊ စာမျက်နှာ ၄၀ တွင်ရှိသော အမှတ်စဉ် ၁၂၉ အပိုဒ် ၁၉၊ စာမျက်နှာ ၄၁ တွင်ရှိသော အမှတ်စဉ် ၁၃၀ မှ အမှတ်စဉ် ၁၃၂ အထိဖြစ်သည့် မူလအပိုဒ် ၂၄ အားပယ်ဖျက်ခြင်း၊ မူလအပိုဒ် ၂၅ ပယ်ဖျက်ခြင်းနှင့် အပိုဒ် ၂၀၊ စာမျက်နှာ ၄၁ တွင်ရှိသော အမှတ်စဉ် ၁၃၀ မှ အမှတ်စဉ် ၁၃၂ အထိ မူလအပိုဒ် ၂၄ ပယ်ဖျက်ခြင်း၊ မူလအပိုဒ် ၂၅ ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၀၊ စာမျက်နှာ ၄၃ တွင်တည်ရှိသော အမှတ်စဉ် ၁၃၆ မူလအပိုဒ် ၂၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င) တို့ကိုပယ်ဖျက်ခြင်း၊ စာမျက်နှာ ၄၄ အမှတ်စဉ် ၁၃၉ အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)၊ စာမျက်နှာ ၄၅ အမှတ်စဉ် ၁၄၂ မူလအပိုဒ် ၂၆ အပိုဒ်ခွဲ(ဋ)နှင့် အပိုဒ်ခွဲ(ဌ) ပယ်ဖျက်ခြင်း၊ စာမျက်နှာ ၄၆ အမှတ်စဉ် ၁၄၄ မူလအပိုဒ် ၂၇ အားပယ်ဖျက်ခြင်း၊ စာမျက်နှာ ၄၆ အမှတ်စဉ် ၁၄၇ အပိုဒ် ၂၂၊ စာမျက်နှာ ၄၇ အမှတ်စဉ် ၁၅၁ အပိုဒ် ၂၄ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)၊ စာမျက်နှာ ၄၈ နှင့် စာမျက်နှာ ၄၉ တို့တွင်ရှိသော အမှတ်စဉ် ၁၅၅

နှင့်အမှတ်စဉ် ၁၅၇ ရှိ အပိုဒ် ၂၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ်ခွဲ(ဆ)၊ စာမျက်နှာ ၄၉ နှင့် စာမျက်နှာ ၅၀ တွင်ရှိသော အမှတ်စဉ် ၁၅၉ အပိုဒ် ၂၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(ဃ)၊ စာမျက်နှာ ၅၁ တွင်ရှိသော အမှတ်စဉ် ၁၆၃ အပိုဒ် ၂၇ အပိုဒ်ခွဲ(က)၊ စာမျက်နှာ ၅၂ နှင့် စာမျက်နှာ ၅၃ တွင်ရှိသော အမှတ်စဉ် ၁၇၀ အပိုဒ် ၂၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(ဃ)၊ စာမျက်နှာ ၅၃ နှင့် စာမျက်နှာ ၅၄ တွင်ရှိသော အမှတ်စဉ် ၁၇၄ အပိုဒ် ၂၉ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)နှင့် အပိုဒ်ခွဲငယ်(၄)၊ စာမျက်နှာ ၅၄ တွင်ရှိသော အမှတ်စဉ် ၁၇၅ နှင့် အမှတ်စဉ် ၁၇၆ အပိုဒ် ၃၀ နှင့် အပိုဒ် ၃၁၊ စာမျက်နှာ ၅၅ တွင်ရှိသော အမှတ်စဉ် ၁၈၀ အပိုဒ် ၃၄၊ စာမျက်နှာ ၅၆ တွင်ရှိသော အမှတ်စဉ် ၁၈၂ နှင့် အမှတ်စဉ် ၁၈၃ ဖြစ်သည့် အပိုဒ် ၃၆ နှင့်အပိုဒ် ၃၇၊ စာမျက်နှာ ၅၇ တွင်ရှိသော အမှတ်စဉ် ၁၈၅ ဖြစ်သည့် မူလအပိုဒ် ၃၅ ပယ်ဖျက်ခြင်း အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြု ချက် ၆၇ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များ အနက် ၆၇ ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ သဘောတူထားတဲ့ ၆၇ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အသေး စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက်မှ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့အချက် ၆၇ ချက် ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အချက် (၄၀)

ချက်အား တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ဥပဒေကြမ်းကော်မတီက ထပ်မံစိစစ်ပြင်ဆင်သည့် တင်ပြချက်အချက် ၄၀ ချက်အား လွှတ်တော်သို့ တင်ပြအစီရင်ခံမှာ ဖြစ်ပါတယ်။ စာမျက်နှာ ၁ အမှတ်စဉ် ၁ ဥပဒေ၏ခေါင်းစီး၊ စာမျက်နှာ ၈ အမှတ်စဉ် ၂၈ အပိုဒ် ၂ အပိုဒ်ခွဲ(ည)၊ စာမျက်နှာ ၁၁ အမှတ်စဉ် ၃၇၊ အမှတ်စဉ် ၃၈ ဖြစ်သော အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) နှင့်အပိုဒ်ခွဲ(ခ)၊ စာမျက်နှာ ၁၂ နှင့် စာမျက်နှာ ၁၃ အမှတ်စဉ် ၄၂ မှ အမှတ်စဉ် ၄၄ ထိဖြစ်သော အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ စာမျက်နှာ ၁၄ အမှတ်စဉ် ၄၆ နှင့် ၄၇ ဖြစ်သော အပိုဒ် ၄၊ အပိုဒ်ခွဲ(င)နှင့် အပိုဒ်ခွဲ (စ)၊ စာမျက်နှာ ၁၆ အမှတ်စဉ် ၅၂ အပိုဒ် ၆၊ စာမျက်နှာ ၁၇ အမှတ်စဉ် ၅၄ နှင့် ၅၆ ဖြစ်သော အပိုဒ် ၆ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲ(ဃ)၊ စာမျက်နှာ ၂၂ အမှတ်စဉ် ၇၄ အပိုဒ် ၈ အပိုဒ်ခွဲ(ဆ)၊ စာမျက်နှာ ၂၃ အမှတ်စဉ် ၇၈ နှင့် ၈၀ ဖြစ်သော အမျိုးသားလွှတ်တော်၏ အသင့်ဖြည့်စွက်ချက်အပိုဒ် ၈ အပိုဒ်ခွဲ(ဈ)ကို ပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဍ)အား ပြင်ဆင်ခြင်း၊ စာမျက်နှာ ၂၇ အမှတ်စဉ် ၉၂ အပိုဒ် ၁၄ အပိုဒ်ခွဲ(စ)၊ စာမျက်နှာ ၃၆ အမှတ်စဉ် ၁၁၅ အပိုဒ် ၁၈ အပိုဒ်ခွဲ(ဃ)၊ စာမျက်နှာ ၃၇ အမှတ်စဉ် ၁၂၀ နှင့် ၁၂၁ ဖြစ်သော မူလအပိုဒ် ၁၈ အပိုဒ်ခွဲ(ဃ)အား ပယ်ဖျက်ခြင်း။ အပိုဒ် ၁၈ အပိုဒ်ခွဲ(ဃ)၊ စာမျက်နှာ ၃၈ အမှတ်စဉ် ၁၂၃၊ ၁၂၄၊ နှင့် ၁၂၆ ဖြစ်သော အပိုဒ် ၁၈ အပိုဒ်ခွဲ(စ) အပိုဒ်ခွဲ(ဆ) အပိုဒ်ခွဲ(ဈ)၊ စာမျက်နှာ ၄၀ အမှတ်စဉ် ၁၂၈ အခန်း(၁၀)၏ ခေါင်းစီး။ စာမျက်နှာ ၄၆ အမှတ်စဉ် ၁၄၅ အပိုဒ် ၂၁၊ စာမျက်နှာ ၄၇ အမှတ်စဉ် ၁၄၉ နှင့် ၁၅၀၊ အခန်း(၁၂) ခေါင်းစဉ် အပိုဒ် ၂၄၊ စာမျက်နှာ ၄၈ နှင့် ၄၉ တွင်ရှိသော အမှတ်စဉ် ၁၅၃၊ ၁၅၄၊ ၁၅၆ နှင့် ၁၅၈ များဖြစ်သည့် အခန်း(၁၃) ခေါင်းစဉ် အပိုဒ် ၂၅၊ အပိုဒ် ၂၅ အပိုဒ်ခွဲငယ်(င) အပိုဒ် ၁၄ ခေါင်းစဉ်၊ စာမျက်နှာ ၅၀ အမှတ်စဉ် ၁၆၂ နှင့် ၁၆၁ ဖြစ်သော အပိုဒ် ၂၆ အပိုဒ်ခွဲ(င) အခန်း(၁၅)၏ခေါင်းစဉ်။ စာမျက်နှာ ၅၁ နှင့် ၅၂ တွင်ရှိသော အမှတ်စဉ် ၁၆၂၊ ၁၆၄၊ ၁၆၅ နှင့် ၁၆၇ တို့ဖြစ်သော အပိုဒ် ၂၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲ(င)၊ စာမျက်နှာ ၅၂ အမှတ်စဉ် ၁၆၈ နှင့် ၁၆၉ ဖြစ်သော အခန်း(၁၆) ခေါင်းစဉ် အပိုဒ် ၂၈၊ စာမျက်နှာ ၅၃ အမှတ်စဉ် ၁၇၁ အခန်း(၁၇)၏ခေါင်းစဉ်၊ စာမျက်နှာ ၅၅ အမှတ်စဉ် ၁၇၇ အခန်း(၁၄)၊ အခန်း(၁၅) ကို အခန်း(၁၈) အဖြစ်ပြင်ဆင်ခြင်း။ အထက်

ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် အချက် ၄၀ ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၄၀ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက် ၄၀ ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ပြင်ဆင်ထားသည့်အချက် ၇၈ ချက်အား တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကြည်သာ(အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ၇၈ ချက်မှာ တချို့တူတဲ့အချက်တွေကို ပေါင်းပြီးတော့ တင်ပြပါမယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့ ကျွန်တော်နဲ့အတူ ဦးဝင်းဦးတို့က ခွဲပြီးတော့ ဆွေးနွေးတင်ပြပါမယ်။ ပထမတစ်ချက်က ပုဒ်မ ၂ ပုဒ်မခွဲ(က)မှာ မူလ အသေးစားစီးပွားရေးလုပ်ငန်းဆိုသည်မှာဆိုတာကို ကျွန်တော်တို့က မတည်ရင်းနှီးငွေတွင် မြေတန်ဖိုး မပါဝင်သည့် အောက်ပါလုပ်ငန်းများတို့ကိုဆိုတဲ့အပိုဒ်ကို ကျွန်တော်တို့ ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ အဲဒီအပိုဒ်ကို အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အားလုံးတစ်ခါတည်း၊ တပေါင်းတစည်းတည်း ဆက်တင်ပြသွားပါ။

**ဦးကြည်သာ(အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးရေးကော်မတီ)။** ။ နောက်တစ်ခုက အပိုဒ် ၂ အပိုဒ်ခွဲ(က)မှာ အငယ်စားမိုက်ခရိုစီးပွားရေးလုပ်ငန်းဖြစ်လျှင် ဝန်ထမ်းငါးဦးထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေကျပ် သန်း ၅၀ ထက်မပိုသောလုပ်ငန်းဆိုတာကို ကျွန်တော်တို့က ဖြည့်စွက်ပါတယ်။ နောက် ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁ မှာ သက်ဆိုင်တဲ့ ပုဒ်မတွေဟာ မူလပြဋ္ဌာန်းစဉ်က အမြဲတမ်းဝန်ထမ်းဆိုတဲ့စကားကို သုံးနှုန်းပါတယ်။ ကျွန်တော်တို့က အမြဲတမ်းဝန်ထမ်းလို့ သုံးစွဲလို့ရှိရင် ဒီအသေးစား၊ အလတ်စားလုပ်ငန်းတွေမှာ ရှုပ်ထွေးနိုင်တဲ့အတွက်ကြောင့် အမြဲတမ်းဆိုတာကို ကျွန်တော်တို့က ပယ်ဖျက်ပြီး ဝန်ထမ်းဆိုတဲ့ စကားတစ်လုံးပဲ အသုံးပြုရန် ပြင်ဆင်ခြင်းဖြစ်ပါတယ်။ နောက် ကန့်လန့်ဖြတ်ဇယားအမှတ်စဉ် ၁၂ မှာ အလတ်စားစီးပွားရေးလုပ်ငန်းဆိုသည်မှာ မတည်ရင်းနှီးငွေတွင် မြေတန်ဖိုးမပါဝင်သည့် အောက်ဖော်ပြပါလုပ်ငန်းဆိုတာကို ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ အလားတူ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၄ အမှတ်စဉ် ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈ ဆိုတဲ့ အပိုဒ်တွေကလည်း အမြဲတမ်းဆိုတဲ့ စာကိုဖြုတ်ပြီးတော့ ဝန်ထမ်းဆိုတဲ့ စာလုံးကိုပဲ ကျွန်တော်တို့ ထည့်သွင်းထားတဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ အလားတူ ကန့်လန့်ဖြတ်ဇယားအမှတ်စဉ် ၁၉ မှာ ဝန်ထမ်းဆိုသည်မှာ တစ်နေ့ ၆ နာရီ၊ တစ်လ ၂၀ ရက်ထက်မနည်း အခကြေးငွေယူ၍ အလုပ်လုပ်ကိုင်သောပုဂ္ဂိုလ်ကို ဆိုလိုသည်ဆိုပြီးတော့ ကျွန်တော်တို့ ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၂၀ မှာ လုပ်ငန်းဆောင်ရွက်သူဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စားစီးပွားရေးလုပ်ငန်း သို့မဟုတ် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းနှင့် အလတ်စားစီးပွားရေးလုပ်ငန်းနှစ်ရပ်လုံးကို လုပ်ကိုင်သည့် ရာနှုန်းပြည့်နိုင်ငံသား ဆိုသည့်စကားကို ကျွန်တော်တို့ ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၂၁ မှာ မူလအပိုဒ်မှာပါရှိတဲ့ နိုင်ငံသား သို့မဟုတ် နိုင်ငံသားများသာ ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်း၊ (၂) အနေဖြင့် နိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ရင်းနှီးမြှုပ်နှံတဲ့စီးပွားရေးလုပ်ငန်းဆိုတဲ့ နှစ်ပိုဒ်ကို ကျွန်တော်တို့ ပယ်ဖျက်ပါတယ်။ နောက် အလားတူ အမှတ်စဉ် ၂၆ မှာ အေဂျင်စီဒါရိုက်တာအဖွဲ့ဆိုသည်မှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဒါရိုက်တာအဖွဲ့ဆိုသည်ဆိုတာကို ကျွန်တော်တို့ ပယ်ဖျက်ပါသည်။ အမှတ်စဉ် ၂၇ မှာ အေဂျင်စီရုံးခွဲဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသောဒေသများ သို့မဟုတ် ပြည်ထောင်စုနယ်မြေတွင် ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီတို့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသော ရုံးခွဲများကို ဆိုလိုသည်ဆိုပြီးတော့ ပြန်လည်ပြင်ဆင်ပါတယ်။

**မူကြမ်း**

ကျွန်တော်တို့နောက် အမှတ်စဉ် ၃၃ မှာဆိုရင် အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ (ဏ) မှာ ဘဏ်ဆိုသည်မှာ မြန်မာနိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းဖြစ်စေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်စေ ဆောင်ရွက်ရန် ဗဟိုဘဏ်က လိုင်စင်ပေးထားသည့် ကုမ္ပဏီကိုဆိုလိုသည်။ ယင်းစကားရပ်တွင် လိုင်စင်ရရှိပြီး နိုင်ငံခြားသားဘဏ်လည်း ပါဝင်သည်ဆိုပြီးတော့ ကျွန်တော်တို့ ပြင်ဆင်ခြင်းဖြစ်ပါတယ်။

အလားတူ အမှတ်စဉ် ၃၆ မှာ ချေးငွေဆိုင်ရာသတင်းအချက်အလက်ဌာနဆိုသည်မှာ ချေးငွေဆိုင်ရာ သတင်းအချက်အလက်များ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေချေးရန်ထိုက်တန်မှုကို အကဲဖြတ်သုံးသပ်ရန် ဆီလျော်သက်ဆိုင်သော အခြားသတင်းအချက်အလက်များကို စုစည်းနိုင်ရန်နှင့် စုစည်းရရှိသည့် သတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ အသိပေးနိုင်ရန် မြန်မာနိုင်ငံတော်ဘဏ်၏ ခွင့်ပြုချက် ဖြင့်တည်ထောင်ထားသောဌာနကို ဆိုသည်ဟု ဖြည့်စွက်ပါတယ်။ စာမျက်နှာ ၁၂၊ အမှတ်စဉ် ၄၁ မှာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့်အဟန့်အတားများကို လျော့ပါးစေရန် ဆိုပြီးတော့ ကျွန်တော်တို့ ပြန်လည်ပြင်ဆင်ပါတယ်။ အလားတူ အမှတ်စဉ် ၄၅ မှာ အသစ်စတင်မည့် လက်ရှိဆောင်ရွက်လျက်ရှိသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်၊ နည်းပညာနှင့် ငွေရေးကြေးရေး အရင်းအနှီးရရှိစေရန် အထောက်အကူပေးခြင်းလို့ ကျွန်တော်တို့ ပြင်ဆင်ပါတယ်။ အလားတူ အမှတ်စဉ် ၅၁ မှာ ဗဟိုကော်မတီ၏ ဖွဲ့စည်းခြင်းကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာရမည်ဟု ကျွန်တော်တို့ ပြင်ဆင်တင်ပြပါတယ်။ အလားတူ အမှတ်စဉ် ၅၃ မှာ ဤဥပဒေပါအခြေခံမူများနှင့်အညီ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်စေရန် မူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်းလို့ ပြင်ဆင်ပါတယ်။ စာမျက်နှာ ၁၈ အမှတ်စဉ် ၅၉ မှာ စွမ်းအင်ထုတ်လုပ်ခြင်း၊ စွမ်းအင်ကို အကျိုးရှိရှိ ထိရောက်စွာ အသုံးချရေးနည်းပညာ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုနည်းပညာများ အသုံးပြုရေးအတွက် လမ်းညွှန်ပံ့ပိုးခြင်းလို့ ကျွန်တော်တို့ ပြင်ဆင်ပါတယ်။ အလားတူ အမှတ်စဉ် ၆၂ မှာ လုပ်ငန်းကော်မတီ ဖွဲ့စည်းပေးခြင်းနှင့်လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းဆိုပြီးတော့ ပြင်ဆင်ပါတယ်။ အလားတူ အမှတ်စဉ် ၆၄ မှာဆိုရင် အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်းဆိုပြီးတော့ ပြင်ဆင်ပါတယ်။ နောက်ကျွန်တော်တို့ အမှတ်စဉ် ၆၅ မှာ ဗဟိုကော်မတီသည် လုပ်ငန်းကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်။ (၁) ဒုတိယသမ္မတတစ်ဦးက ဥက္ကဋ္ဌ၊ တာဝန်ခံဝန်ကြီးနှင့်

ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌဖြစ်ပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများက အဖွဲ့ဝင်ဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌများက အဖွဲ့ဝင်ဖြစ်ပါတယ်။ နောက် အပိုဒ် ၅ အပိုဒ်ခွဲ(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် သက်ဆိုင်သည့် အသင်းချုပ်၊ အဖွဲ့ချုပ်များမှ သင့်လျော်သည့်ပုဂ္ဂိုလ်များက အဖွဲ့ဝင်ဖြစ်ပါတယ်။ အပိုဒ် ၆ အနေနဲ့ သင့်လျော်သောစီးပွားရေးပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များကလည်း အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းဖို့ ပြင်ဆင်ထားပါတယ်။ အလားတူ အခန်း(၅)၊ အပိုဒ် ၈ အမှတ်စဉ် ၆၉ မှာ အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများတွင် အဟန့်အတားဖြစ်နေသော ကိစ္စရပ်များအား ကျော်လွှားနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်းဆိုတဲ့စကားကို ပြင်ဆင်တင်ပြပါတယ်။ အလားတူ အမှတ်စဉ် ၇၃ ပြည်တွင်း ပြည်ပငွေကြေးအကူအညီများ ရယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရ သို့မဟုတ် ပုဂ္ဂလိကငွေကြေး အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း ဆိုပြီးတော့ ပြင်ဆင်ပါတယ်။ အလားတူ အမှတ်စဉ် ၇၅ မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က အတည်ပြုထားတာကို ကျွန်တော်တို့က မူရင်းအဆိုအတိုင်းပဲ ပြဋ္ဌာန်းဖို့ အဆိုပြုထားပါတယ်။ အမှတ်စဉ် ၇၆ မှာလည်း အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်မဟုတ်ဘဲနဲ့ မူလအတိုင်းပြဋ္ဌာန်း ဖို့ဆိုပြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ပြင်ဆင်ထားပါကြောင်းတင်ပြပါတယ်ခင်ဗျား။ ကျန်ရှိတဲ့အချက် များကို ဦးဝင်းဦးမှ ဆက်လက်တင်ပြပါမယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဝင်းဦး(အဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ မင်္ဂလာပါ ခင်ဗျာ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော် ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်မှ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အဆိုပြုတင်ပြချက်များကို ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ကိုယ်စား ဖတ်ကြားတင်ပြပါ့မယ်ခင်ဗျာ။ စာမျက်နှာ ၂၃ အမှတ်စဉ် ၈၁ အသစ် ဖြည့်စွက်ချက်ဖြစ်ပါတယ်။ အခန်း(၆)အနေနဲ့ ကျွန်တော်တို့ အသစ်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ ဖြစ်ပါတယ်။ အမှတ်စဉ် ၉ မှာ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူချက်ဖြင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေး အဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။ ဗဟိုကော်မတီက တာဝန်ပေးအပ်သည့် အဖွဲ့ဝင်တစ်ဦးက အဖွဲ့၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဟု အဆိုပြုတင်ပြပါ

တယ်။ စာမျက်နှာ ၂၅ အမှတ်စဉ် ၈၃ အခန်းခေါင်းစဉ် အခန်း(၇) အေဂျင်စီနှင့် အေဂျင်စီရုံးခွဲများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များဟု အဆိုပြုတင်ပြပါတယ်။ အမှတ်စဉ် ၈၄ အပိုဒ် ၉ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဌာနအကြီးအမှူးများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် သင့်လျော်သည့် ပုဂ္ဂိုလ် များပါဝင်သည့် အေဂျင်စီအဖွဲ့ကို ဖွဲ့စည်းရမယ်လို့ အဆိုပြုတင်ပြပါတယ်။ စာမျက်နှာ ၂၆ အမှတ်စဉ် ၈၅ အခန်း(၆) အပိုဒ် ၁၂ ဖြစ်ပါတယ်။ ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်သော ပုဂ္ဂိုလ်က အေဂျင်စီအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ အေဂျင်စီအဖွဲ့ဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့် ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြင်ဆင်တင်ပြပါတယ်။ အမှတ်စဉ် ၈၆ အပိုဒ် ၁၃ အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ်။ တာဝန်ခံဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်သည် အေဂျင်စီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။ အမှတ်စဉ် ၈၇ အပိုဒ် ၁၄ မူလပြဋ္ဌာန်းချက်အတိုင်းလို့ အဆိုပြုတင်ပြပါတယ်။ မူလပြဋ္ဌာန်းချက်ဆိုတာ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်မဟုတ်ဘဲနဲ့ မူလဥပဒေရဲ့ ပြဋ္ဌာန်းချက်အတိုင်းကို ကျွန်တော်တို့ ထောက်ခံတင်ပြထားတာဖြစ်ပါတယ်။ အမှတ်စဉ် ၈၈ မှာလည်း အမျိုးသားလွှတ်တော်ကတော့ မူလပြဋ္ဌာန်းချက်ကို ပယ်ဖျက်ပါတယ်။ ကျွန်တော်တို့ကတော့ မူလပြဋ္ဌာန်းချက်အတိုင်း ထည့်သွင်းပါတယ်လို့ အဆိုပြုထားပါတယ်။ စာမျက်နှာ ၂၇ အမှတ်စဉ် ၉၃ အပိုဒ်(ဆ) ဖြစ်ပါတယ်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရန် အောက်ကစာသားတွေဖျက်ထားပါတယ်။ ကျွန်တော်လည်း ဖတ်လို့မရပါဘူး။ ဥပဒေကြမ်း ပြန်မေးပါမယ်။ အမှတ်စဉ် ၉၄ အပိုဒ် ၁၄ အပိုဒ်ခွဲ(ဇ) အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို ကျွန်တော်တို့က မူလပြဋ္ဌာန်းချက်အတိုင်းလို့ အဆိုပြုတင်ပြပါတယ်။ စာမျက်နှာ ၂၉ အမှတ်စဉ် ၉၇ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို ကျွန်တော်တို့က မူလပြဋ္ဌာန်းချက်အတိုင်းလို့ အဆိုပြုတင်ပြပါတယ်။ အမှတ်စဉ် ၉၈ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းဖြစ်ပါတယ်။ အမှတ်စဉ် ၉၉ ပြင်ဆင်ချက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းဆိုင်ရာစာရင်းများကို ကောက်ယူခြင်းအဆင့်ဆင့် စစ်ဆေးခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် လိုအပ်ချက်နှင့် အညီ အသုံးပြုခြင်း ပြင်ဆင်ရန် အဆိုပြုတင်ပြပါတယ်။

စာမျက်နှာ ၃၀ အမှတ်စဉ် ၁၀၁ အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားပါတယ်။ ကျွန်တော်တို့က မူလပြဋ္ဌာန်းချက်အတိုင်းလို့ အဆိုပြုပါတယ်။ အခန်း(၆) အပိုဒ် ၁၀ အပိုဒ်ခွဲ(ဏ) အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားပါတယ်။ ကျွန်တော်တို့က မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန်လို့ အဆိုပြု

တင်ပြပါတယ်။ အမှတ်စဉ် ၁၀၂ အပိုဒ်ခွဲ(ထ) အမျိုးသားလွှတ်တော်က ပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့က မူလပြဋ္ဌာန်းချက်အတိုင်းလို့ အဆိုပြုထားပါတယ်။ စာမျက်နှာ ၃၁ အမှတ်စဉ် ၁၀၃ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အား ကျွန်တော်တို့က ပယ်ဖျက်ပေးပါရန် တင်ပြထားပါတယ်။ စာမျက်နှာ ၃၄ အမှတ်စဉ် ၁၀၇ အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ်။ အဲ့ဒါကတော့ အခန်း(၈) တစ်ခန်းလုံး ပယ်ဖျက်ထားပြီးသားဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို ပယ်ဖျက်ပါရန် အဆိုပြုတင်ပြထားပါတယ်။ အမှတ်စဉ် ၁၀၈ အခန်း(၈) ခေါင်းစဉ်ပြောင်းထားခြင်းဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ အဆိုပြုတင်ပြထားပါတယ်။ အမှတ်စဉ် ၁၀၉ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို ကျွန်တော်တို့က မူလပြဋ္ဌာန်းချက်အတိုင်းလို့ အဆိုပြုထားပါတယ်။ အမှတ်စဉ် ၁၁၀ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို ကျွန်တော်တို့က မူလပြဋ္ဌာန်းချက်အတိုင်းလို့ အဆိုပြုပါတယ်။ စာမျက်နှာ ၃၅ အမှတ်စဉ် ၁၁၁ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်များကို ပယ်ဖျက်ရန် အဆိုပြုတင်ပြပါတယ်။ အပိုဒ် ၂၂ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ပယ်ဖျက်ရန် ကျွန်တော်တို့ အဆိုပြုတင်ပြပါတယ်။ အမှတ်စဉ် ၁၁၃ အခန်း(၉) ခေါင်းစဉ်အား လုပ်ငန်းဆောင်ရွက်သူများ၏ တာဝန်နှင့်အခွင့်အရေးများဟု ပြင်ဆင်ရန် တင်ပြပါတယ်။ စာမျက်နှာ ၃၆ အမှတ်စဉ် ၁၁၆ အမျိုးသားလွှတ်တော်မှ ပယ်ဖျက်ရန် အတည်ပြုချက်အား ကျွန်တော်တို့အနေနဲ့ မူလပြဋ္ဌာန်းချက်အတိုင်းလို့ အဆိုပြုတင်ပြထားပါတယ်။ စာမျက်နှာ ၃၇ အမှတ်စဉ် ၁၁၉ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အား ပယ်ဖျက်ရန် အဆိုပြုတင်ပြထားပါတယ်။ အမှတ်စဉ် ၁၂၀ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အား ပယ်ဖျက်ရန် တင်ပြထားပါတယ်။ အမှတ်စဉ် ၁၂၂ ပြင်ဆင်ချက် အပိုဒ်ခွဲ(င) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် အကျိုးရှိရှိထိရောက်စွာ အသုံးချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်း ထုတ်လုပ်မှုနှင့် စက်ကိရိယာများ အသုံးပြုရေးတို့အတွက် အစိုးရနှင့် အစိုးရမဟုတ်သော နည်းပညာဆိုင်ရာ သုတေသနဌာနများ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် အေဂျင်စီမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်းဟု ပြင်ဆင်ရန် တင်ပြထားပါတယ်။ စာမျက်နှာ ၃၈ အမှတ်စဉ် ၁၂၅ အပိုဒ်ခွဲ(ဇ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံချက်များအလိုက် ချေးငွေရယူဆောင်ရွက်နိုင်ရန် အေဂျင်စီအဖွဲ့သို့ လျှောက်ထားနိုင်ခြင်းဟု အဆိုပြုတင်ပြထားပါတယ်။ စာမျက်နှာ ၄၁ အမှတ်စဉ် ၁၃၃ အပိုဒ်ခွဲ(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလို့ငှာ အတိုးသက်သာသောချေးငွေများရရှိနိုင်ရေး ဝန်ဆောင်မှုပေးနိုင်ရန်

အတွက် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် လုပ်ငန်းကော်မတီသို့ တွက်ချက်တင်ပြခြင်း အဆိုပြုတင်ပြထားပါတယ်။ စာမျက်နှာ ၄၂ အမှတ်စဉ် ၁၃၄ အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုကိစ္စရပ်များတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ငွေတစ်ရပ်အား လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြခြင်းဟု အသစ်ဖြည့်စွက်တင်ပြထားပါတယ်။ အမှတ်စဉ် ၁၃၅ အပိုဒ်ခွဲ(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်မှ ထောက်ပံ့ငွေ ပြည်တွင်းပြည်ပငွေကြေးအဖွဲ့အစည်းများမှ အကူအညီရရှိငွေ၊ အလှူရှင်များမှလှူဒါန်းငွေ၊ မိမိဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ဆောင်ခရရှိငွေတို့နှင့် ထူထောင်ထားရှိခြင်းဟု အဆိုပြုတင်ပြထားပါတယ်။

စာမျက်နှာ ၃၄ အမှတ်စဉ် ၁၃၇ အပိုဒ် ၂၀ အပိုဒ်ခွဲ(ဃ) ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသော အဖွဲ့အစည်းများနှင့် မှတ်ပုံတင်ထားရှိသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်နိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးခြင်းဟု အဆိုပြုတင်ပြပါတယ်။ အမှတ်စဉ် ၁၃၈ အပိုဒ်ခွဲ(င) အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ အတိုးသက်သာစွာ သတ်မှတ်ထားသော အထူးချေးငွေတစ်ရပ်နှင့် ပြည်တွင်းပြည်ပဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများမှ ရရှိနိုင်သည့် အတိုးမဲ့ချေးငွေ၊ အတိုးသက်သာသောချေးငွေ၊ သာမန်အတိုးနှုန်းချေးငွေအရပ်ရပ်တို့ကို ရယူပြီး သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် မှတ်ပုံတင်ထားရှိသော အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက်ချိတ်ဆက်ချေးယူနိုင်ရန် စီစဉ်ပေးခြင်း၊ အသိအမှတ်ပြုပေးခြင်းဟု တင်ပြထားပါတယ်။ စာမျက်နှာ ၄၄ အမှတ်စဉ် ၁၄၀ အပိုဒ်ခွဲ(ဆ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား သာမန်ချေးငွေ၊ အတိုးနှုန်းသက်သာသောချေးငွေ၊ အတိုးမဲ့ချေးငွေ၊ ပြန်လည်ပေးဆပ်စရာမလိုသော ကူညီငွေများရရှိရန်အတွက် အထောက်အကူပြုရန် ချေးငွေဆိုင်ရာ သတင်းအချက်အလက်ဌာနကို တည်ထောင်ခြင်းဟု အဆိုပြုတင်ပြထားပါတယ်။ စာမျက်နှာ ၄၅ အမှတ်စဉ် ၁၄၁ အပိုဒ် ၂၀ အပိုဒ်ခွဲ(ဇ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေချေးရာတွင် ဆုံးရှုံးမှုများ ကာကွယ်နိုင်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ခွင့်ပြုထားသော ချေးငွေအာမခံကုမ္ပဏီများ၊ ချေးငွေအာမခံ Cooperation များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းဟု အဆိုပြုတင်ပြထားပါတယ်။ အမှတ်စဉ် ၁၄၃ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အား ပယ်ဖျက်ရန် အဆိုပြုထားပါတယ်။

**မူကြမ်း**

စာမျက်နှာ ၄၆ အမှတ်စဉ် ၁၄၆ အခန်း(၁၁) ခေါင်းစဉ်အား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေး သောစနစ်ဟု အဆိုပြုတင်ပြထားပါတယ်။ စာမျက်နှာ ၄၇ အမှတ်စဉ် ၁၄၈ အပိုဒ် ၂၃ တစ်နေရာ တည်းတွင် ဝန်ဆောင်မှုပေးသောစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများ သည် အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဟုအဆိုပြုတင်ပြထားပါတယ်။ စာမျက်နှာ ၄၈ အမှတ်စဉ် ၁၅၂ ပြင်ဆင်ရန်တင်ပြချက် အပိုဒ် ၂၄ အပိုဒ်ခွဲ(ဂ) ပြည်တွင်းပြည်ပ ဝယ်ယူသူနှင့်ရောင်းချ သူများအတွက် Online ကုန်သွယ်မှုစနစ်ဖွံ့ဖြိုးစေရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ဟု တင်ပြထားပါတယ်။ စာမျက်နှာ ၅၁ အမှတ်စဉ် ၁၆၆ အပိုဒ်ခွဲ(က) အသစ်ဖြည့်စွက်ချက်ဖြစ်ပါ တယ်။ စွမ်းအင်ထုတ်လုပ်ခြင်းနှင့် အကျိုးရှိရှိထိရောက်စွာအသုံးချရေး ပြန်လည်သုံးစွဲရေးတို့အတွက် အလုပ်ရုံအတွင်း ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ခြင်းဟု အဆိုပြုတင်ပြထားပါတယ်။

စာမျက်နှာ ၅၃ အမှတ်စဉ် ၁၇၂ အပိုဒ် ၂၉ အေဂျင်စီသည် (က)အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာအတွက် လိုင်စင်ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်လက်မှတ် တင်ပြနိုင်လျှင် မှတ်ပုံတင်ခွင့်ပြုရမည်ဟု အဆိုပြုတင်ပြထားပါတယ်။ အမှတ်စဉ် ၁၇၃ အပိုဒ်ခွဲ(ခ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် လိုင်စင်ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ရန် မလိုအပ်သည့်လုပ်ငန်းဖြစ်ပါက အောက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်လျှင် မှတ်ပုံတင်ခွင့်ပြုရမည် ဟုအဆိုပြုတင်ပြထားပါတယ်။ စာမျက်နှာ ၅၅ အမှတ်စဉ် ၁၇၈ အပိုဒ် ၃၂ ဗဟိုကော်မတီသည် ဤဥပဒေမပြဋ္ဌာန်းမီဖွဲ့စည်းထားသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များကို ဆက်ခံ၍ ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည် ဟု အဆိုပြုတင်ပြထားပါတယ်။ အမှတ်စဉ် ၁၇၉ အပိုဒ် ၃၃ လုပ်ငန်းကော်မတီသည် ဤဥပဒေ မပြဋ္ဌာန်းမီ ဖွဲ့စည်းထားသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆက်ခံ၍ ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဟု အဆိုပြုတင်ပြထားပါတယ်။ စာမျက်နှာ ၅၆ အမှတ်စဉ် ၁၈၁ အပိုဒ် ၃၅ တာဝန်ခံဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင်နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်ဟု အဆိုပြုတင်ပြထားပါတယ်။ စာမျက်နှာ ၅၇ အမှတ်စဉ် ၁၈၄ အပိုဒ် ၃၇ အပိုဒ်ခွဲ(ဂ) အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ သဘော

တူညီချက်ဖြင့် လိုအပ်သောအမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟု အဆိုပြုတင်ပြထားပါတယ်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသော ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၇၈ ချက်ကို လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၇၈ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၇၈ ချက်သည် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ချက်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာစတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

အချိန်၊ ၁၂း၃၀။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**